ဟွေယုတ်ကျေးရွာ
ကျိုင်းတုံမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## (၂၀၁၉ - ၂၀၂၀)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဟွေယုတ်ကျေးရွာ၊ ကျိုင်းတုံမြို့နယ်
(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ

CamScanner

## မာတိကာ


မာတိကာ ၁

စကားချီး ၅

ပွေ့ယုတ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုင်းတုံမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၈

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၃၂

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၄

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ ၃၈

(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား (၁)လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေရရှိမှု
ဇယား (၃၄) သန့်ရှင်းရေးအခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၆၆

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား(၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉
ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ကိုးကားစာရင်း ၇၄

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၅
စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ဟွေယုတ်ကျေးရွာ၏ ကျေးရွာသူကျေးရွာ သားများပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များ နှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက် သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်ကို နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤ လုပ်ငန်းစဉ် များဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာအစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက် လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။



CamScanner

ဤစီမံချက်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

ဇူလိုင်လ (၂၇-၂၉ ဇူလိုင် ၂၀၁၅)ရက်၊ ၂၀၁၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဟွေယုတ်ကျေးရွာ

ကျိုင်းတုံမြို့နယ်



ရည်ညွှန်း - ဟွေယုတ်ကျေးရွာ၊မိုင်းခွန်ကျေးရွာအုပ်စု၊ ကျိုင်းတုံမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၇-၂၉ ဇူလိုင် ၂၀၁၅)

# အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းစဉ်

## ၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိ ရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲ ရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၄င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။



CamScanner

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။ နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေ ကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနိုပ်တို့ကိုယ်တိုင်တတ် နိုင်သော ငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွနိုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနိုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

ရှမ်းပြည်နယ်သည် မြောက်ဘက်နှင့်အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ်နှင့် တရုတ်ပြည်နယ်၊ အရှေ့ဘက်တွင် လာအိုနိုင်ငံနှင့်ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီးနှင့် တောင်ဘက်တွင် ကယားပြည်နယ်တို့ဖြင့် နယ်နိမိတ်ခြင်းထိစပ်နေပါသည်။ ဟွေယုတ်ကျေးရွာသည် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ်အတွင်းတည်ရှိသော မိုင်းခွန်အုပ်စုအတွင်းမှ အခါလူမျိုးများ နေထိုင်သောကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျိုင်းတုံမြို့၏အရှေ့တောင်ဘက် ၁၃မိုင် ကွာဝေးပြီး တောင်ပေါ်အခါများ စုဝေးနေထိုင်ကြသော ကျေးရွာများမှတစ်ရွာဖြစ်ပါသည်။ ကျေးရွာအနောက်မြောက်ဘက်တွင် ပန်လေတိုက်နယ်ရှိပြီး ရွာမှ ၅မိုင် အကွာတွင် အခါတင်ရွာရှိပါသည်။ ရွာအဝင် ၁မိုင်ခန့်ဝေးသော နေရာတွင် နောင်လျင်ရွာနှင့် ဆက်စပ်ပြီးတည်ရှိပါသည်။

ကျိုင်းတုံမြို့မှ အရှေ့မြောက်ဘက် ၂ မိုင်ခန့် အကွာတွင်ရှိပြီး ကျိုင်းတုံမြို့ချဲ့ထွင်သည့် ကွက်သစ်ရိုက်နေသည့် နေရာများဖြင့် တစ်ဆက်တစ်စပ်တည်းဖြစ်ပါသည်။ ယင်းကသာကွက်သစ် သည် ကျေးရွာ၏ တောင်ဘက်ကပ်လျက်၊ အနောက်ဘက်တွင် ထောင့်ကြီးရွာ၊ မြောက်ဘက်တွင် နမ့်မိတ်ချောင်းနှင့် ညောင်နီရွာ၊ အရှေ့ဘက်တွင် ပေခြားဈေးတို့ဖြင့် ထိစပ်တည်ရှိပါသည်။ ကျန်အရပ်မျက်နှာများတွင် လယ်ယာတောများသစ်တောများနှင့် တောင်တန်းများသာရှိပါသည်။

ကျိုင်းတုံသည် သံလွင်မြစ်အရှေ့ဘက်ကို လွန်ပြီး မြန်မာနိုင်ငံ၏အရှေ့ဘက်အကျဆုံးသောမြို့ဖြစ်ပြီး ပေ ၃၀၀၀ မှ ၅၀၀၀ ထိမြင့်မားသော တောင်ကုန်းများ နှင့် ယင်းတောင်ကုန်းများအကြားချိုင့်ဝှမ်းလွင်ပြင်များအကြားတည်ရှိပြီး မဲခေါင်မြစ်ဝှမ်းသို့ စီးဝင်သောတောင်ကျချောင်းများ အကြားတွင် တည်ရှိနေသော မြို့ဖြစ်ပါသည်။

ကျိုင်းတုံမြို့နယ်သည် ယေဘုယျအားဖြင့် တစ်နှစ်လျှင် မိုးရေချိန်လက္မ ၅၀ မှ ၆၀ ကြားရရှိပြီးအပူချိန်မှာ နွေရာသီတွင် ၃၀ ဒီဂရီC ( ၁၀၀ ဒီဂရီ F) ဆောင်းရာသီတွင် ၂၁ဒီဂရီ C (၇၀ ဒီဂရီ F) ထိရှိပြီး အချို့နှစ်များတွင် ၄ ဒီဂရီ C (၄၀ ဒီဂရီ F) ထိ အေးမြလေ့ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

ဟွေယုတ်ရွာတွင် ကာဗွန်စသော ဓါတ်သတ္တုအရင်းအမြစ်များမရှိသော်လည်း တောင်ကျချောင်းများရှိပြီး ယင်းတောင်ကျချောင်းများအတွင်းတွင် သဲကြမ်း၊အာလူးကျောက်(လမ်းခင်းကျောက်)များ လွယ်ကူပေါများစွာရရှိနိုင်ပါသည်။ သစ်တောနှင့်တောင်တန်းများရှိပြီး ရာသီဥတုကောင်းမွန်နေသေးသော်လည်း တောကောင်ကြီးများမရှိတော့ဘဲ တောကြက်စသော တောကောင်ငယ်များသာ ရံခါတွေ့ရှိရနိုင်ပါသည်။ အပင်မျိုးစိတ်များကျန်ရှိနေဆဲဖြစ်ကာ အခါအထည် ဆေးဆိုးသည့်အပင်ကို ယခင်ကတောတောင်အတွင်း အလေ့ကျခူးယူရာမှ ယခုအခါ အိမ်ခြံကွက်လပ်များတွင် စိုက်ပျိုးထားကြပြီး အရက်ချက်ရာတွင်လိုအပ် သော သစ်ဥ၊သစ်ခေါက်၊သစ်မြစ်များကိုမူ ယခုတိုင် သစ်တောမှသာရယူသုံးစွဲနေကြဆဲဖြစ်ပါသည်။

၃။ လူမှုစီးပွားတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ဟွေယုတ်ရွာသည် ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာ အုပ်စုတွင်းရှိ အခါလူမျိုးများ နေထိုင်သောကျေးရွာဖြစ်ပြီး ကျိုင်းတုံမှ၁၃မိုင်အကွာတွင်ရှိသော တောင်ကုန်းပေါ်ရှိရွာဖြစ်ပါသည်။ လူဦးရေစုစုပေါင်း ၁၄၂ ဦးနှင့်အိမ်ထောင်စု ၁၈ စုသာရှိပါသည်။ ထို့ကြောင့် တစ်အိမ်ထောင်လျှင် ၇.၉ ဦး နှုန်းရှိပြီး ရိုးရာဓလေ့အားဖြင့် မိသားစုများစုပေါင်းနေထိုင်ကြပါသည်။ ကျား၊မအချိုးမှာ ယေဘူယျအားဖြင့် အချိုးသားညီးရောကိုများနေပါသည်။ စုစုပေါင်းလူဦးရေတွင် ကျား ၂၂ဦး အလုပ်လုပ်နိုင်သည့်အသက်အရွယ်တွင် ၁၉ ဦး၊ ၉နှစ်မှ၁၄နှစ်တွင် ၆ ဦး၊ ၅နှစ်အောက်အရွယ်တွင် ၆ ဦး၊ နို့စို့အရွယ်တွင် ၁ ဦးအသီးသီးရှိပါသည်။ ကျန်အသက်အရွယ်များဖြစ်သည့် ၅နှစ်မှ၉နှစ်ကြားတွင် မ ၈ဦး နှင့် ၆၀ နှစ်နှင့်အထက်တွင် မ ၂ ဦးသာ ရှိပါသည်။ အများစုကိုးကွယ်သည့် ဘာသာမှာ နတ်စားဖြစ်ပြီး ဗုဒ္ဓဘာသာနှင့် နတ်စား ၂ မျိုးရောသိမ် ၁အိမ်သာရှိပါသည်။ နှစ်ခြင်းခရစ်ယာန်သာသနာပြုများ လာရောက်သာသနာပြုမှုများရှိသော်လည်း လက်ရှိအချိန်ထိ ရိုးရာဓလေ့နတ်ကိုးကွယ်ခြင်းနှင့်ဘာသာ အလေ့အထများကိုသာ စွဲစွဲမြဲမြဲ ကျင့်သုံးနေဆဲဖြစ်ပါသည်။

(ခ) စီးပွားရေးအခြေအနေ -(ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု)

ကျေးရွာလူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ဟွေယုတ်ကျေးရွာတွင် ချောင်လည် (က)အဆင့် ၁၀စု၊ အသင့်အတင့်(ခ)အဆင့် ၁၂ စု၊ ဆင်းရဲ(ဂ)အဆင့် ၁၆ စု နှင့် အလွန်ဆင်းရဲ(ဃ)အဆင့် ၂၀ စု ရှိပါသည်။ ရိုးရာဓလေ့အားဖြင့် အိမ်ကြီးလျှင်တတ်နိုင်သူအဖြစ် ယေဘူယျသတ်မှတ်နိုင်ပြီး ကျေးရွာအတွင်း ပြင်ပနှင့်ဆက်ဆံမှုများပြီးအမှန်တကယ်တတ် နိုင်သည်ဟုဆိုနိုင်သောအိမ်မှာ ၁အိမ်သာရှိပါသည်။ မြေယာပိုင်ဆိုင်မှုမရှိသူမှာ ၆ ဦးသာရှိပြီး ကျန်အိမ် ထောင်စုများအားလုံးမြေယာကိုယ်စီပိုင်ဆိုင်ပါသည်။ အများဆုံးမြေယာပိုင်ဆိုင်မှုမှာ ၃-၄ဧကသာဖြစ်ပြီး အနည်းဆုံးမြေယာမှာ .၅ဧက သို့မဟုတ် ၁ကွက်၂ကွက် စသည်ဖြစ်ပါသည်။ အဆင့် က မှလွဲလျှင် ကျန်အိမ် ထောင်စုများကပိုင်ဆိုင်သော ဆိုင်ကယ်များမှာ တစ်ပါတ်ရစ် သို့မဟုတ် ဈေးသက်သာသော ဆိုင်ကယ် များဖြစ်ကပြီး အဆင့် ဃ အိမ်ထောင်စုများ ပိုင်ဆိုင်သောဆိုင်ကယ်များမှာ အများအားဖြင့် ၂၀၀၀၀/ ၃၀၀၀၀ ကျပ်အထိသာ ရှိပါသည်။ ကျွဲ၊ နွားကောင်ရေများများပိုင်ဆိုင်သူများမှာ အဆင့် က မိသားစုများမှဖြစ်ပြီး အိမ်တိုင်းနီးပါး ဝက်နှင့်ကြက်ကိုမွေးမြူကြပါသည်။ ဆိုလာကြီး၊ ဆိုလာသေးတို့ကိုသာ မိမိတို့ တတ်နိုင်သည့်ပုံစံဖြင့် သုံးစွဲကြပြီး အချို့အိမ်များမှာ ရေနံဆီမီးခွက် (သို့မဟုတ်) ဖယောင်းတိုင်ကိုအသုံးပြု နေဆဲဖြစ်ပါ သည်။ တတ်နိုင်သူများမှာ တစ်နှစ်စာဝမ်းစာဖူလုံမှုရှိသည့်အပြင် တစ်နှစ်ဝင်ငွေ ၁၀သိန်းခွဲ ထိ ရရှိပြီး ခ အဆင့်မှာ ဝမ်းစာနှင့်ဝင်ငွေ ၇သိန်းခွဲ၊ ဂ အဆင့် ဝမ်းစာနှင့်ဝင်ငွေ ၄သိန်း ရရှိပြီး ဃအဆင့်မှာ စုစုပေါင်းဝင်ငွေ ၂သိန်းမှ၃သိန်းအထိ ရရှိပါသည်။ က အဆင့်နှင့် ဃ အဆင့်ကြား ဥစ္စာဓန ကွာခြားမှုမှာသိ သာလှပြီး ဝင်ငွေမှာ ၃ဆကျော်ကွာဟသည်ကိုတွေ့ရှိနိုင်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဟွေယုတ်ရွာသည် ဆင်းရဲနွမ်းပါးမိသားစုအဖြစ် အဓိကထား ဖော်ထုတ်သူများမှာ ဃ အဆင့် မိသားစုများဖြစ်ကာ ၂၀ စုဖြစ်ပါသည်။ ယင်း ၂၀စုထဲမှ ပိုမို ထိခိုက်လွယ်သူများမှာ လယ်၊ ယာမြေလုံးဝပိုင်ဆိုင်မှုနည်းပါးသော ကျပမ်းအိမ်ထောင်စု ၅စုဖြစ်ပါသည်။

၄င်းအဆင့်ပြီးလျှင် ဂ အဆင့်မှ သားစု ၁၆ စုဖြစ်ကာ ၄င်းတို့သည်လည်း ဆင်းရဲနွမ်းပါးအဆင့်တွင် ပါဝင် ကြပါသည်။ ကျေးရွာလူဦးရေ၊အိမ်ထောင်စုနှင့် လယ်မြေစပါးစိုက်ဧကကိုတွက်ချက်လျှင် လယ်ဧက ၆ဂ၈ လုံးကို မိုးကောင်းသောက်ဖြင့် စိုက်ပျိုးရာ သီးနှံထွက်နှုန်းမှတစ်ဧက ပျမ်းမျှ ၅၅ တင်းထွက်ရှိပါသည်။ ထို့ကြောင့် တစ်ရွာလုံးအနေဖြင့် တင်း ၃၃ဂဂ ထွက်ရှိသည့်သဘောဖြစ်ပါသည်။ ယာစပါး၁ဂဧကကိုလည်း စိုက်ပျိုးပြီး ပျမ်းမျှထွက်နှုန်းတစ်ဧက ၁၇.၅တင်းဖြစ်သောကြောင့် တင်း၁၇၅သာရရှိပါသည်။ အိမ်ထောင် စု ၅၈ စုဖြစ်သောကြောင့် တစ်အိမ်ထောင်ကို တစ်နှစ်လျှင် တင်း၆ဂရရှိသည့်အနေအထားဖြစ်ပါသည်။ ယင်းသည် ရွာ၏စားနပ်ရိက္ခာဖူလုံမှု အခြေအနေပင်ဖြစ်ပြီး စပါးဘဏ်များစီမံထားရှိမှုအနေအထားအရ ဟွေယုတ်ရွာသည် စားနပ်ရိက္ခာ ဖူလုံမှုအားကောင်းသည်ဟုဆိုနိုင်ပါသည်။ သို့သော်ရွာ၏ဝင်ငွေရလုပ် ငန်းဖြစ်သော စပါးအရက်ချက် လုပ်ငန်းကြောင့် ကျိုင်းတုံဈေးကွက်ဝယ်လိုအားနှင့် ကျေးရွာ၏ရောင်းလို အားများသည့်အချိန် များတွင်ငွေရလိုမှုကြောင့် အရက်ချက်ကြသည့်အခါ စားနပ်ရိက္ခာဖူလုံမှုအခက်အခဲ ကြုံရနိုင် ဖွယ်ရှိပါသည်။ ဆင်းရဲချမ်းသာကွာဟမှုမှာ သာမန်အားဖြင့် မြင်သာခြင်းမရှိပဲ ကျေးရွာအတွင်း ရိုးရာ ဓလေ့အရ ခွဲခြားဆက်ဆံခြင်းနည်းပါးပါသည်။

နောင်လျှန်-အခါတင်-ပန်လေလာရာလမ်းတစ်လျှောက်ရှိ တောင်ကျချောင်းများ မိုးရာသီရေလျှံသည့်အခါ လမ်းများမှာမြေသားလမ်းကျယ်များ ဖြစ်သော်လည်း အလွန်ချောပြီး ဆိုင်ကယ်မောင်း ရန်အလွန် အန္တရာယ်ကြီးပါသည်။ တောင်ကျချောင်းကူးတံတားများ နိုင်မာခြင်းမရှိသောကြောင့် နှစ်စဉ်ရေတိုက်စားခံရကာ သွားလာရခက်ခဲပြီး ပြင်ပနှင့်အဆက်အသွယ်ပြတ်တောက်လေ့ရှိခြင်းသည် ကျေးရွာ၏အဓိက ထိခိုက်လွယ်အခြေအနေဖြစ်ပါသည်။

ကျိုင်းတုံတောင်ပေါ်ရွာများ၏ ယေဘုယျထိခိုက်လွယ်မှုမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး တောတောင်များအတွင်း စိုက်ပျိုးရလွယ်ကူသော ဘိန်းကိုသာအလွယ်တကူစိုက်ပျိုးပိုက်ဆံ ရှာကြရခြင်းဖြစ် ပြီး နောက်ဆက်တွဲအဖြစ် လူငယ်များမူးယစ်ဆေးအလွယ်တကူလက်လှမ်းမီခြင်း၊ စွဲခြင်းနှင့် စပါးအရက်ကို အိမ်တိုင်းချက်သောက်သဖြင့် ရိုးရာဓလေ့သဖွယ်ဖြစ်ပြီး လူငယ်များ ငယ်ရွယ်စဉ်ကပင်အရက်သောက်သည့် အလေ့ကိုရရှိပြီးဖြစ်နေခြင်းဖြစ်ပါသည်။ ဒေသဖွံ့ဖြိုးရေး မူဝါဒနှင့်နွယ်သောအရေးကိစ္စဖြစ်ပြီး တစ်ရွာတည်းဖြေရှင်းခြင်းထက် ထိရောက်သောမူဝါဒ၊ ဘဏ္ဍာ ရေးပံ့ပိုးမှုများလိုအပ်ပါသည်။

## (c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ဟွေယုတ်ကျေးရွာတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာပြီးစီးမှုနှုန်းထား (၉နှစ်အထက်လူဦးရေပေါင်း)မှာ ၆၂.၁% ဖြစ်ကာ လက်ရှိကောက်ခံရရှိသော စာရင်းအင်း များအရသာဖြစ်ပါသည်။ စာမတတ်သူဦးရေစုစုပေါင်းမှာ ၁ဂ၅ ဦးသာရှိ ကာအများစုမှာ ကလေးငယ် များနှင့် သက်ကြီးရွယ်အိုများဖြစ်ပါသည်။ ရွာနှင့်ဘမိုင်ဝေးသော နောင်လျှန်မူလတန်းလွန် ကျောင်း သည်အခါရွာမှ ကလေးများ လာရောက်သောကျောင်းဖြစ်ပါသည်။ အလယ် တန်းနှင့်အထက်တန်းကို မိမိတို့နီးစပ်ရာအလိုက် ကျိုင်းတုံမြို့ပေါ် အထက်တန်းကျောင်းများတွင် ထားလေ့ရှိပြီအများစုမှာ အမှတ် ၂ အထက်တန်းကျောင်းတွင် ထားကြပါသည်။ ယခုအချိန်ထိ ဘွဲ့ရ ၁၂ဦးပေါ် ထွက်ခဲ့ပြီး ကျား၄၊ မ ၂ဦးသာဖြစ်ပါသည်။ အများစုမှာ မူလတန်းပြီးလျှင် ဆက်လက်မထားကြတော့ချေ။



CS CamScanner

အိမ်တိုင်းစပါးအရက်ချက်ကြပြီး အခါရိုးရာအရက်များအနက် ဟွေယုတ်အရက်ကို ကျိုင်းတုံ မြို့ပေါ်တွင် ဈေးကွက်တစ်နေရာအနိုင်အမာ ပေးထားရပြီးဖြစ်ပါသည်။ စပါးကိုအခြေခံပြီး တော၊ တောင်မှ ရသော သစ်ဥသစ်ဖုများဖြင့် ရိုးရာဓလေ့အတိုင်း အရစ်ကျပေါင်းခံသော အရက်ချက်နည်းကိုရိုးရာမပျက်ထိန်း သိမ်းထားပြီ မိရိုးဖလာလက်ဆင့်ကမ်းထိန်းသိမ်းကြပါသည်။ အခါရိုးရာ ယက်ကန်းထည်သည်လည်း အထည်အရည်အသွေးကောင်းမွန်ပြီး ဆေးကိုသစ်ပင်တစ်မျိုးမှ ရသော ရွက် ခေါက်မြစ်သီးဆိုးဆေးကိုသာ အသုံးပြုထားကာ တာရှည်ခံဆေးမကျွတ်ပဲ ရောင်းတန်းဝင်ပါသည်။ ကျေးရွာရှိအရွယ်ရောက်ပြီးအမျိုး သမီးတိုင်း ရက်လုပ်တတ်ပြီး အခါတို့သည် လယ်ယာလုပ်ငန်းခွင်ပြီးသည်နှင့် အအားမနေပဲ ရက်လုပ်နေတတ်ကြပါသည်။ ယခုအချိန်ထိ အမျိုးသမီးအများစုမှာ ရိုးရာအတိုင်းဂတ်စားနေထိုင်ပြီး မိမိတို့ရက်လုပ်သောအထည်ကိုသာ ဂတ်ဆင်ကြပါသည်။ ရိုးရာဆေးပညာများရှိနေဆဲဖြစ်သော်လည်း ကျွမ်းကျင်စွာ ကျင့်သုံးကုသနိုင်သူနည်းပါးနေပြီဖြစ်ပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ဟွေယုတ်ကျေးရွာ၏ လူဦးရေဆိုင်ရာအချက်အလက်များဇယား ၁ အရ ယေဘုယျအားဖြင့် ကျား၊ မကွာခြားမှုတွင် အမျိုးသားဦးရေက စုစုပေါင်းတွင် ၂၂ဦး ပိုများပါသည်။ နတ် ကိုးကွယ်သည့် အလေ့ရှိပြီး သာမန်အားဖြင့် အမျိုးသမီးငယ်များသည် လယ်၊ယာလုပ်ငန်းခွင်နှင့်အိမ်မှု ကိစ္စဖြင့်သာ အလုပ်ရှုပ်နေလေ့ရှိကာ ရပ်ရွာစည်းဝေးပွဲများသို့လာရောက်ခဲပါသည်။ အိမ်များတည် ဆောက်ရာတွင်လည်း လေ့ကား ၂ ခုရှိပြီး အမျိုးသမီးများအနေဖြင့် နောက်ဖက်လှေခါးကိုသာအတက် အဆင်းအသုံးပြုရပါသည်။ ကလေးများကို ရိုးရာအတိုင်းသာ မွေးဖွားလေ့ရှိပြီး မွေးဖွားပြီးကာလ မကြာမီပင် နောက်ပိုးထည့်ကာ သွားလာလေ့ရှိပါသည်။ အမျိုးသားများကို ဦးစားပေးသောအလေ့ရှိပါသည်။ အမျိုးသမီးများသည် စပါးဘဏ်တွင် အိမ်ထောင်စုဝင်အနေဖြင့်ပါဝင်နိုင်ပြီး ဟွေယုတ်ရွာတွင်အခြားရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းဟူ၍ဖွဲ့စည်းထားခြင်းလည်းမရှိပါချေ။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်**

ဟွေယုတ်ရွာ၏ စီမံအုပ်ချုပ်မှုတွင် အပိုင်း၂ပိုင်းခွဲခြားမြင် နိုင်ပါသည်။ သာမန်ရွာတွင်းအရေးများတွင် ရိုးရာအရ အမျိုးသားများကသာ စည်းဝေးတိုင်ပင်ဆုံးဖြတ် လေ့ရှိခဲ့ပြီး ပြင်ပလူမှုအသိုင်းအဝိုင်းနှင့် ထိတွေ့မှုများလာသည်နှင့်အမျှ နတ်ဆရာသည်ဘာသာရေးအ ဆောင်အယောင်အဖြစ်သာ အဓိကရှိနေပါတော့သည်။ သို့သော် နတ်ဆရာသည် ကျေးရွာ၏ဩဇာလွှမ်းမိုးနိုင်သူဖြစ်ပြီးမြို့ပေါ်ဌာနများဖြင့်ဆက်ဆံရာတွင် မြန်မာစကားတတ်သူများကအများအားဖြင့် လွှမ်းမိုး

ပါ သည်။ အရေးကြီးဆုံးဖြတ်ချက်အားလုံးကိုမူ ကျေးရွာအားအစည်းအဝေးခေါ်ပြီးမှ ဆုံးဖြတ်လေ့ရှိသည် ဆိုသော်လည်း ဟွေယုတ်ရွာအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးကို စိတ်ဝင်စားမှုအားနည်းပါးပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ယာနှင့်လယ်စပါးဧက စုစုပေါင်းမှာ ၇ဝ ဧကဖြစ်ပြီး ထွက် နှုန်းမှာ လယ်တစ်ဧကလျှင် ပျှမ်းမျှ ၅၅တင်း နှင့် ယာတစ်ဧကပျှမ်းမျှ ၁၇.၅ တင်းဖြစ်သောကြောင့် တစ် နှစ်စာပျှမ်းမျှစပါးရရှိနိုင်မှုမှာ လယ်စပါး ၃၈၅ဝ တင်းနှင့် ယာစပါး ၁၇၅တင်းဖြစ်ရာ စုစုပေါင်း ၄ဝ၂၅ တင်းဖြစ်ပါသည်။ ဆန် အနေဖြင့် တစ်ဝက်နှုံးဖြင့်တွက်လျှင် ၂ဝ၁၂.၅ တင်းသာဖြစ်ရာ အိမ်ထောင်စု ၅၈စုအတွက် ဆန်ခွဲဝေမှု မှာ ၃၄.၇တင်းသာဖြစ်ပါသည်။ ယင်းနှုန်းထားသည် ဟွေယုတ်၏တစ်အိမ် ထောင်ပျှမ်းမျှ လူဦးရေဖြစ်သော ၅.၉ ဖြစ်သောကြောင့် ဟွေယုတ်၏ စားနပ်ရိက္ခာဖူလုံမှုမှာ အတန်ငယ် အခက်အခက်တွေ့ရမည့်အနေအထားဖြစ်ပါသည်။ ထို့ပြင် စပါးအရက်ချက်ခြင်းက စပါးလိုအပ်ချက်ကို ပိုမိုများပြားစေပါသည်။ သာမန် အားဖြင့် နီးစပ်ရာရွာများမှ ဝယ်ယူချက်လုပ်ပြီး ဖြေရှင်းကြပါသည်။ သို့သော် စပါးအရက်ဈေးကွက်လို အပ်ချက်နည်းချိန်၊များချိန်မှာ ချိန်ဆရခက်ခဲပြီး စပါးဘဏ်များဖြင့် စုဖွဲ့ဖြေရှင်းနေသောအလေ့အထ ကောင်းတစ်ခုရှိသော်လည်း စပါးအထွက်နှုန်းမတိုးလျှင်သော်လည်းကောင်း စပါးဝယ်ယူရန်အတွက် အ ခြားဝင်ငွေရင်းမြစ်မရှိလျှင်သော်လည်းကောင်း ဆန်းစစ်ဖော်ပြရန်ခက်ခဲပါသည်။ မြေပဲစိုက်ပျိုးပြီး ထွက်နှုန်းကောင်းသော်လည်း တွက်ချေမကိုက်ဟု ဖော်ပြကြသောကြောင့် ဟွေယုတ်ရွာ၏ ဖူလုံမှုအနေအထားမှာ အနည်းငယ်ခက်ခဲသောအနေ အထားဟုဆိုနိုင်ပါသည်။ သို့သော်ကျိုင်းတုံနှင့်ယင်းတောင်ပေါ်ရွာတိုင်း နီးပါးမှာ ဘိန်းကိုတောင်တန်းများအကြားစိုက်ပျိုးထားလေ့ရှိပြီး ၄င်းနှင့်ပါတ်သက်သောသတင်းအချက် အလက်အတိအကျရယူနိုင်ခြင်းမရှိပါချေ။

ဈေးငွေကို ယခုအခါမှသာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖြင့်ဆက်စပ်ပြီး မြစိမ်းရောင် ရုံပုံငွေကို ရယူထားပြီး ယခင်ကကျေးရွာဘုံစပါးတိုးပုံစံဖြင့် ဖြေရှင်းပါသည်။ ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး သုံးစွဲမှုနည်းပါးသေးပြီး မြေဆီအရည်အသွေးကို အသင့်အတင့်မျှသာဖြစ်သည်ဟု ဖော်ထုတ်ကြပါသည်။ သက်ဆိုင်ရာစိုက်ပျိုးရေးဌာနဖြင့် ချိတ်ဆက်မှုနည်းပါးပြီး ကျေးရွာအတွင်းသို့ ဌာနများလာရောက်ခဲပါသည်။

မွေးမြူရေးကို မိရိုးဖလာအတိုင်းသာမွေးမြူပြီး ပါတ်ဝန်းကျင်တောတောင်များအတွင်း လွှတ်ကျောင်းနိုင်လောက်သည့် မြေဧရိယာများရှိပါသေးသည်။ အိမ်တိုင်းနီးပါးဝက်နှင့် ကြက်ကို တစ်နိုင်မွေးမြူကြပြီး ကြက်မှာ ဧည့်သည်လာလျှင်ဧည့်ခံချက်ကျွေးလေ့ရှိကာ ဝက်ကိုမူဘာသာရေးစသည့် ပွဲတော်များအတွက်သာ အသုံးပြုမှုပိုမိုများပါသည်။ မည်သည့်တိရစ္ဆာန်အစားအစာကိုမျှ ပြင်ပမှဝယ်ယူကျွေးမွေးခြင်းမရှိသကဲ့သို့ သက်ဆိုင်ရာဌာနဖြင့်ချိတ်ဆက်မှုလည်းနည်းပါးပါသည်။ အရက်ချက်ရာမှရသောအလင်ကို ဝက် စာအတွက်ပြန်လည်အသုံးပြုကြပါသည်။ ကျွဲ ၅၂ ကောင်နှင့် ၂၂အိမ်ထောင်စု၊ နွား ၂၂၃ကောင်နှင့် ၂၅ အိမ်ထောင်စုဖြစ်ရာ စုစုပေါင်းအိမ်ထောင်စု၏ ထက်ဝက်နီး

ပါးမွေးမြူဆဲဖြစ်ပါသည်။ ထွန်စက်အသေး ၁၇ စက်၊ ဆန်ကြိတ်စက်(အိမ်သုံး) ၁၄စက်၊ခြွေလှေ့စက် ၁ စက်နှင့်မြက်ဖြတ်စက် ၆စက်တို့သည် လယ် ယာကဏ္ဍအတွက် အဓိကအသုံးပြုသော စက်ကိရိယာများဖြစ်ကာ ယခုနှစ်များအတွင်း ပိုမိုတိုးတက်သုံး စွဲလာကြသည်ဟုဆိုပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ဟွေယုတ်ရွာသည် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဂမ်းကျောင်းလုပ်ငန်း အနေဖြင့်အဓိကတွေ့ရသည်မှာ အိမ်တိုင်းနီးပါး စပါးအရက်ချက်ရောင်းခြင်းဖြစ်ပါသည်။ ကျေးရွာအတွင်း တတ်နိုင်သူတစ်ဦးက အမည်ခံပြီး လိုင်စင်ကိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနသို့ လျှောက်ထားရ ယူကာ အခွန်ဆောင်ရကာကျသင့်ငွေကို စုပေါင်းကျခံကြပါသည်။ အခါရိုးရာအထည်ရက်လုပ်ခြင်းကို စီးပွာဖြစ်ထက် မိမိတို့ကိုယ်ပိုင်ဂတ်ဆင်ရန်အတွက်သာ အဓိကရက်လုပ်ကြပါသည်။ ပန်းရံ၊ လက်သမား ၂ ဦးနှင့် ဆိုင်ကယ်ပြုပြင်မှုအနည်းငယ်တတ် ကျွမ်းမှုကြောင့် ဂင်ငွေအပိုရသူ ၁ ဦးရှိပါသည်။

### (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် ဆိုးရွားသည့် ကြီးမားသော သဘာဂဘေးအန္တရာယ်တစ်စုံတစ်ရာကြုံတွေ့ရဖူးခြင်းမရှိသော်လည်း မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ အထူးသဖြင့် ကျေးရွာချင်းဆက်လမ်းများတွင် မိုးရာသီအတွင်း လမ်းချော်မှုများ မြေပြိုမှုများ မကြာခဏကြုံတွေ့ရပြီး လမ်းပန်းဆက်သွယ်ရေးနှောင့်နှေးပါသည်။ စပါးအရက်ချက်ခြင်း ပိုမိုများပြားလာသည်နှင့်အမျှ လောင်စာအတွက် ထင်းခုတ်ခြင်းကြောင့် သစ်တောပြုန်းတီးမှုများလာခြင်း ကိုကျေးရွာအနေဖြင့် သတိပြုမိကာ အလှည့်ကျအဖျား အနားခုတ်သည့်ပုံစံကျင့်သုံးသော်လည်း လိုအပ်ချက်များလာပါက သစ်ပင်ကြီးများခုတ်လဲရယူသောကြောင့် သစ်တောပြုန်းတီးမှုအရှိမြန်လာဖွယ်ရှိပါ သည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြစိမ်းရောင်ချေးငွေတစ်ခုသာ ယခုအချိန်ထိ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအမံဖြင့် ရွာထဲသို့ရောက်ရှိသေးပြီး ကျန်မည်သည့်ငွေကြေးဂန်ဆောင်မှု၊ မှုဝါဒအထောက်အပံ့စသည်ကို လက်လှမ်းမီခြင်းမရှိပါ။ ရွာ၏ရိုးရာအလေ့အထ စပါးဘဏ်များသည် အဓိကအရင်းအမြစ်ဖြစ်ပါသည်။

### (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

မူလွန်ကျောင်းကို ၁မိုင်ဝေးသော နောင်လျှန်ကျောင်းတွင်တက်ရောက်ကြပါသည်။ ဆရာ၊ ကျောင်းသားအချိုးမှာ အခါတင်ရွာများမှကလေး များအားလုံးတက်ရောက်သည့်တိုင် ၁:၅ သာရှိပါသည်။ ဆရာ ၂ဦး၊ ဆရာမ ၄ ဦးပေါင်း ၆ ဦးဖြစ်ပါသည်။ အလယ်တန်းဆက်လက်တက်ရောက်ရန် အများအားဖြင့် မတတ်နိုင်ကြပါ။ တတ်နိုင်သူအချို့ကမူ နီးစပ် ရာ ကျိုင်းတုံမြို့ပေါ်ကျောင်းများတွင် ထားလေ့ရှိပါသည်။

တိဘိတွေ့ရှိလူနာ ၁ ဦးရှိပြီး ပန်လေတိုက်နယ်ဆေးရုံမှ ဆေးရယူသောက်သုံးပါသည်။ အခြားရာသီဖျားများသာ အဓိကတွေ့ရပြီး သက်ကြီးရွယ်အိုများမှာ ပုံမှန်အားဖြင့် ကျန်းမာရေး



CS CamScanner

ကောင်းမွန်သည်ဟုဆိုနိုင်ပါသည်။ ကျေးရွာအတွင်း ရေစုကန်ကို ဂတ်ပြကျောင်းအနီးကုန်းပေါ်တွင် ပြုလုပ်ထားပြီး အိမ်တိုင်းသို့ စိမ့်စမ်းရေ ပိုက်သွယ်တန်းထားပြီးဖြစ်ပါသည်။ နွေရာသီတွင် ရေအရနည်းပါးပါသည်။ ယင်လုံအိမ်သာသုံးစွဲသူ ၁၇ အိမ်သာရှိပြီး တောထိုင်အလေ့ရှိနေဆဲဖြစ်ပါသည်။

အမှိုက်များကို တစ်အိမ်ထောင်ချင်းစီ လယ်ကွင်းတောစပ်များတွင် စွန့်ပစ်ပြီး ပလတ်စတစ်ကဲ့သို့သော အမှိုက်များကိုမူ မီးရှို့လေ့ရှိပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

ကျေးရွာလူငယ်များသည် များသောအားဖြင့် ရိုးရာဓလေ့အရ တာဝန်ယူ လေ့ရှိပြီး ပွဲတော်များတွင် အားလုံးပါဝင်ဆင်နွှဲကြပါသည်။ အခါရိုးရာနှစ်သစ်ကူးပွဲတော်ကို ကျိုင်းတုံ၊ တာချီလိတ်မြို့များထိ သွားရောက်ဆင်နွှဲလေ့ရှိပါသည်။ အခါစာကိုတီထွင်ထားသည်မှာ မကြာသေးပဲ တတ်မြောက်သည့် ဦးရေနည်းပါးပါသည်။

**(ဇ) အခြေခံ အဆောက်အဦ - (လက်လှမ်းမှီ ရယူမှု)၊ လမ်း၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ဟွေယုတ်ရွာတွင်းလမ်း ၁လမ်းနှင့်ချဉ်းကပ်လမ်း၁လမ်းရှိကာ မြေသား လမ်းများဖြစ်ကြပါသည်။ လမ်းချဲ့ခြင်းများကို ၂၀၁၀ခုနှစ်က ပြုလုပ်ခဲ့ပြီး မိုးရာသီ၌ ရွာအဝင်လမ်းနေရာအခက်အခဲဖြစ်ကာ သွားလာရအန္တရာယ်ရှိပါသည်။ နောင်လျှန်တံတားရှိပြီး သစ်သားတံတားဖြစ်ကာ နှစ်စဉ်ရေလျှံမှုကြောင့် တံ တားပျက်စီးပြီး အသွားအလာပြတ်တောက်ရပါသည်။

ဆိုလာပြားအသေးဖြင့် လျှပ်စစ်မီးထုတ်ယူသုံးစွဲနိုင်သူအိမ်ထောင်စုပေါင်း ၂၉ စုရှိပြီး ဒီဇယ်အင်ဂျင်သေး (လက်စွဲ) မီးစက်ရှိသူ ၂ ဦးရှိကာ ကျန်အိမ်ထောင်စုများမှာ မီးမရရှိသေးပါချေ။ တယ်လီဖုန်းပေါင်း ၅၅ လုံးရှိသော်လည်း အချက်အလက်ကိုသာ အရည်အသွေးလိုအပ်မှုရှိသောအနေအထားဖြင့် ရယူသုံးစွဲကြပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ဟွေယုတ်ရွာသည် သာမန်အားဖြင့် ပဋိပက္ခမရှိပဲ ငြိမ်းချမ်းပါသည်။ ရိုးရာနတ်ကိုးကွယ်ပြီး အကြီးအကဲများ၏ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာလေ့ရှိပါသည်။ မြို့နယ်နှင့်ဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး မြို့နယ်အုပ်ချုပ်ရေးမှုခွဲဝေချထားပေးသော ရပ်ကျေးစာရေးတစ်ယောက်ကို ရွာတွင်လူငယ်တစ်ဦးအားခန့်အပ်ပြီး တာဝန်ပေးအပ်ဆောင်ရွက်စေပါ သည်။ ရွာလုံခြုံရေးသီးသန့်မရှိပဲစုပေါင်းတာဝန်ယူကြပါသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက် နိုင်မှုတို့မှာ



CamScanner

အဓိကအချက်များဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင် နိုင်မည့်နည်းလမ်းသို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်း လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလားအပ်သည့် ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မည်ပုံ ဖော်ဆောင်မည် စသည့်တို့သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင်ရမည် ဖြစ်ပါသည်။

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ဟွေယုတ်ရွာရှိ အခါလူမျိုးများသည် ဖွံ့ဖြိုးရေးကိုလိုလားပြီး ပူးပေါင်းဆောင်ရွက်လိုခြင်းသည် အဓိကအားသာချက်ဖြစ်ပါသည်။ အခါရိုးရာဓလေ့များသည် လူသိများပြီးဖြစ်ခြင်း၊ ဟွေယုတ်ရွာ၏ ရိုးရာစပါးအရက်သည် ကျိုင်းတုံတွင် ဈေးကွက်ရရှိပြီးဖြစ်ခြင်း နှင့် အခါရိုးရာအထည်များကို ဆေးဆိုးရန်အပင်များ ကိုယ်တိုင်စိုက်ပျိုးထိန်းသိမ်းထားနိုင်ခြင်းတို့သည် ကျေးရွာ၏ရည်မှန်းချက်ဖြစ်သောစပါးအရက်ကို တံဆိပ်တင်နိုင်ရေးနှင့်ဈေးကွက်ထိုးဖောက်နိုင်ရေးတို့အတွက် အလားအလာကောင်းမွန်ပါသည်။ ရိုးရာအထည်များကို ဒီဇိုင်းဆန်းသစ်ခြင်းအားဖြင့် ပိုမိုဈေးကွက်ရရှိစေနိုင်မည်ဖြစ်ပါသည်။

စပါးအရက်သည် စိုက်ပျိုးရေးဖြင့်ဆက်စပ်နေသဖြင့် စိုက်ပျိုးရေးကဏ္ဍတိုးတက်စေရန်အတွက်လည်း မြေယာများနှင့်စိုက်ပျိုးရေလုံလောက်ခြင်းသည် ပိုမိုအထွက်တိုးလုပ်ဆောင်နိုင်ရန် အလားအလာများပါသည်။ မွေးမြူရေးအတွက်လည်း နည်းပညာရရှိပါက ပိုမိုတိုးတက်မွေးမြူနိုင်သေးပြီး အထူးသဖြင့် ဂ နှင့် ဃ အဆင့်အိမ်ထောင်စုများအတွက် အပိုဝင်ငွေရရှိစေနိုင်ပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ**

ဘာသာစကားသည် အဓိကအဟန့်အတားဖြစ်ပါသည်။ ကျေးရွာအတွင်း၌ပင် မကြာသေးမီကတီထွင်ထားသောအခါစာကို ရေးတတ်ဖတ်တတ်သူ နည်းပါးနေသေးသည့် အခြေအနေဖြစ်ပါသည်။ လမ်းပန်းအနည်းငယ်ခေါင်သီပြီး သယ်ယူပို့ဆောင်ရေးစရိတ်ကုန်ကျမှုများစေ ပါသည်။ ပန်လေတိုက်နယ်သည်ပင် ၅ မိုင်ခန့်မျှကွာဝေးသဖြင့် ဝန်ဆောင်မှုများရယူရာတွင် လက်လှမ်းမီမှုနည်းပါးခြင်းသည် ဖွံ့ဖြိုးရေးအတွက် အဟန့်အတားများဖြစ်ကြပါသည်။

## ၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ

ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ထားခဲ့ကြပါသည်။

(က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့်ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ကျေးရွာဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုကို ပိုမိုအားကောင်းစေရန် အခါမြန်မာ ၂ ဘာသာဖြင့် စွမ်းဆောင်ရည် မြှင့်တင်မှုများ၊ ဌာနများဖြင့် ပေါင်းစပ်မှုများတိုးတက်အားကောင်းလာစေရေး
(၂) စိုက်ပျိုးရေးမွေးမြူရေးနည်းပညာများရရှိစေရေး သက်ဆိုင်ရာဌာနများဖြင့် ပိုမိုပေါင်းစပ်လုပ် ဆောင်ခြင်းဖြင့် သီးနှံသားငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန်
(၃) ကျေးရွာ၏စပါးအရက်ချက်လုပ်ခြင်းကို ဘုံပိုင်လုပ်ငန်းတစ်ခုအဖြစ် တိုးမြှင့်လုပ်ကိုင်နိုင်စေရန်
(၄) အခါရိုးရာအထည်ယက်လုပ်ခြင်းကို ဒီဇိုင်းပညာဖြင့် ပေါင်းစပ်ကာ တိုးတက်အောင်ဆောင်ရွက်ပြီး ဈေးကွက်ပိုမိုရရှိစေရန် (အခါရိုးရာကိုအခြေပြု ခရီးသွားလုပ်ငန်းတည်ထောင်နိုင်ရန်)
(၅) ကလေးများ ပညာရေးကို ပိုမိုလုံခြုံစိတ်ချစွာ သင်ကြားရယူနိုင်ရေး ဆောင်ရွက်ရန်
(၆) ကျေးလက်ကျန်းမာရေးဆေးခန်းတစ်ခု လျှောက်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှုကို တိုးတက် အောင်ဆောင်ရွက်ရန်

(ခ) နည်းဗျူဟာ

လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကိုကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

ကျေးရွာအတွင်း ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေး၊ ဖွဲ့စည်းထား ရှိပြီးဖြစ်သော ကျေးရွာဖွံ့ဖြိုးမှုကော်မတီ တို့က သက်ဆိုင်ရာဌာနများဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ချိတ်ဆက်ကြမည်ဖြစ်ပါသည်။ ယင်းကော်မတီအနေဖြင့် ကျေးရွာအတွင်းရှိ သက်ဆိုင်ရာ ကျေးရွာအ ခြေပြုအဖွဲ့အစည်းများဖြင့် တွဲဖက်ကာ သင့်လျော်သည့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်းပါဝင် နိုင်မည့်အချိန်များကို ဖော်ထုတ်သတ်မှတ်ကာ ဖွံ့ဖြိုးရေးစီမံကိန်းများကိုရေးဆွဲခြင်း၊ ကြီးကြပ်အ ကောင်အထည်ဖော်ခြင်း၊ ကျေးရွာလူထုသို့ စီမံကိန်းအကောင်ထည်ဖော်မှုအခြေအနေများကို စာရင်း ဇယားနှင့်တကွတင်ပြခြင်း၊ အမေးအဖြေပြုခြင်းများဖြင့် ဆက်လက်တိုးတက်လုပ်ကိုင်မည်ဖြစ်သည်။

သက်ဆိုင်ရာ ဦးစားပေးကဏ္ဍများဖြစ်သော စီမံအုပ်ချုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အသက်မွေးဝမ်းကြောင်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ငွေကြေးဝန်ဆောင်မှုကဏ္ဍ၊ကျန်းမာရေးကဏ္ဍ၊

ပညာရေး ကဏ္ဍ၊ လူငယ်၊ယဉ်ကျေးမှုနှင့်အမျိုးသမီးကဏ္ဍ စသည်တို့ကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်လာစေ ရေးအတွက် နည်းပညာများရရှိလက်လှမ်းမီရန်နှင့် အထောက်အပံ့များရရှိစေရန် သက်ဆိုင်ရာ ဌာနများ၏ ချိတ်ဆက်ပံ့ပိုးပေးမှုများအလွန်လိုအပ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာ နကျိုင်းတုံမြို့နယ်ဌာန များ၊ အထက်ခရိုင်၊ပြည်နယ်နှင့်တိုင်း၊ပြည်ထောင်စုအဆင့်မှဝါဒများဖြင့် ချိတ်ဆက်မိမိ ဟန်ချက် ညီညီအကောင်ထည်ဖော်နိုင်ရန်လိုအပ်ပါသည်။

(၁) ဟွေယုတ်ကျေးရွာတွင် ရပ်ရွာအခြေပြုအဖွဲ့ဟူ၍ မည်မည်ရရမရှိပါချေ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန၏ စတင်မှုဖြင့် မြစိမ်းရောင်ကော်မတီနှင့် ကျေးရွာကစတင်လုပ်ဆောင်ထားသော စပါးဘဏ်အဖွဲ့များသာရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖြင့် တွဲဖက်လုပ်ဆောင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးဖြစ်စဉ်က ဟွေယုတ်ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်။ ယင်းကော်မတီနှင့်ကျေးရွာအုပ်ချုပ်ရေးတို့တွဲဖက်ပြီး ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် အခါ ၊ မြန်မာ၂ ဘာသာဖြင့်ပိုမိုသုံးစွဲ ပေါင်းစပ်လုပ်ကိုင်နိုင်စေရန် ဆောင်ရွက်မည်ဖြစ် ပါသည်။

(ခ) ဟွေယုတ်ကျေးရွာတွင် စပါးအရက်ချက်လုပ်ငန်းသည် ရိုးရာလုပ်ငန်းဖြစ်ပြီး ကျိုင်းတုံမြို့ပေါ်တွင် ဈေးကွက်တစ်စုံတစ်ရာသော အတိုင်းအတာထိရရှိပြီးဖြစ်ပါသည်။ ကျေးရွာအနေဖြင့် မိမိတို့ရိုးရာအရက်ကို ကိုယ်ပိုင်တံဆိပ်ဖြင့် ဘုံစီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်လုပ်ကိုင်လိုပြီး အခါလူမျိုးစုခေါင်းဆောင်များ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် သက်ဆိုင်ရာဌာနများဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့အပြင် အကူအညီပေးနိုင်သော အဖွဲ့အစည်းများနှင့် လူ့ပုဂ္ဂိုလ် (ဥပမာ-ကျိုင်းတုံမြို့မှ အခါရေးရာကျွမ်းကျင်သူ ဦးမင်းညို) တို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဂ) စပါးအရက်ချက်ခြင်းနှင့်ဆက်စပ်ပြီး စပါးပိုမိုစိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီစိုက်ပျိုး ရေးနည်းပညာများနှင့် တိရစ္ဆာန်များကို ပိုမိုနည်းစနစ်ကျစွာ စောင့်ရှောက်နိုင်ရေးအတွက် နည်းပညာများရရှိရေးကို သက်ဆိုင်ရာဌာနများဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ပိုမိုပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

(ဃ) ကလေးငယ်များ ပိုမိုလုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရေး၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိနိုင်ရေး သက်ဆိုင်ရာကျေးရွာများ၊ ဆရာ၊ဆရာများနှင့်ဌာနများ ဖြင့် ပူးပေါင်းဆောင်ရွက် မည်ဖြစ်ပါသည်။

(င) ကျေးရွာလမ်း၊တံတား၊ရေမီး စသည်အခြေခံအဆောက်အဦများပိုမိုတိုးတက်လာနိုင်စေ ရေးအတွက် ကျေးရွာအုပ်ချုပ်ရေး၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ ပူးပေါင်းပြီး ကျေးလက်ဒေသတိုးတက်ဖွံ့ဖြိုးရေးဦး စီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျိုင်းတုံစည်ပင်သာယာရေးအဖွဲ့တို့အပြင် ကျိုင်းတုံဖွံ့ဖြိုးရေး နှင့်အထောက် အကူပြု

အဖွဲ့တို့ကဲ့သို့သော အကူအညီပေးနိုင်မည့်အဖွဲ့အစည်းများ လူပုဂ္ဂိုလ်များဖြင့်ပူး ပေါင်းပြီး တစ်ဆင့်ချင်း ရွာ၏တတ်နိုင်အားဖြင့် ချိန်ထိုးညှိနှိုင်းကာ သက်ဆိုင်ရာ ဘတ်ဂျက်နှစ်အ လိုက်ဌာနများသို့ တင်ပြဆောင်ရွက်ပြီး ဘတ်ဂျက်ရရှိပါက အကောင် ထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြ ပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အား ထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက် လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) စိုက်ပျိုးရေး၊သစ်တော၊လယ်ယာမြေစီမံခန့်ခွဲရေးစာရင်းအင်းနှင့်ဆည်မြောင်းဦးစီးဌာနများ

ကျေးရွာသည် စိုက်ပျိုးမြေနှင့်ရေလုံလောက်မှုရှိသေးပြီး နည်းပညာပံ့ပိုးပေးပါက ရေရှည် တည်တံ့ပြီး သဘာဝပါတ်ဝန်းကျင်ထိခိုက်မှု နည်းပါးသော သီးနှံသားငါးထုတ်လုပ်နိုင်ရန် အလားအ လာကောင်းပါသည်။ ထိုသို့လုပ်ဆောင်နိုင်ရန် သက်ဆိုင်ရာဌာနများဖြစ်သော စိုက်ပျိုးရေးဌာန၊ လယ်ယာမြေစီမံခန့်ခွဲ ရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့ဖြင့် ပေါင်းစပ်ကာ စိုက်ပျိုးရေး ခေတ်မီနည်းပညာ များရရှိနိုင်ရေး (သဘာဝမြေဩဇာသုံးစွဲသော) ပေါင်းစပ်ဆောင်ရွက် ရမည်ဖြစ်ပါသည်။ ယင်းမှထွက်သော သီးနှံများကို ဈေးကွက်ရရှိနိုင်ရေးအတွက် ကျိုင်းတုံ့စည်ပင် သာယာ၊ ဟိုတယ်နှင့်ခရီးတို့ကဲ့သို့သော ဌာန များဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

ထို့ပြင်တိုင်းရင်းသားရေးရာဝန်ကြီး၊ အခါရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့နှင့် အခြားအရပ် ဖက် လူမှုအဖွဲ့ အစည်းများ- အခါရိုးရာဓလေ့များထိန်းသိမ်းရေးနှင့် ယင်းသို့ထိန်းသိမ်းခြင်းနှင့်အတူ တစ်ဖက်တစ်လမ်းမှလည်း ဝင်ငွေရရှိနိုင်ရေးအတွက် ရိုးရာအထည်များကို ခေတ်မီဈေးကွက် အဆင့် အတန်းဝင်အောင် ဆန်းသစ်ဆောင်ရွက်ခြင်း၊ အခါစာပေနှင့်ရိုးရာအလေ့များ ထွန်းကားလာအောင်



CS CamScanner

ကလေးများကို အခါ ၊ မြန်မာ ၂ ဘာသာဖြင့် သင်ကြားနိုင်အောင် ဆောင်ရွက်ရေး၊ ကျိုင်းတုံမြို့၏ ရှိပြီးဖြစ်သော ခရီးသွားကဏ္ဍတွင် သဘာဝပတ်ဝန်းကျင်နှင့်ရိုးရာယဉ်ကျေးမှုကို မထိခိုက်စေသောခရီးသွားလုပ်ငန်းများထွန်းကားလာရေးများတွင်လည်း ပိုမိုပေါင်းစပ်လုပ် ဆောင်ရမည်ဖြစ်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘုံစပါးဘဏ်သည် ဟွေယုတ်ရွာ၏ အောင်မြင်သည့် ကျေးရွာအခြေပြု အသက်မွေးဝမ်းကျောင်းဝန် ဆောင်မှုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ယင်းကိုအခြေခံကာ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအထူးသဖြင့် အမျိုးသမီးများဦးဆောင်သည့် တစ်နိုင်ငွေစုလုပ်ငန်းများကို အခါရိုးရာအထည်ဒီဇိုင်းဆန်းသစ် ရက်လုပ်ခြင်း၊ ဈေးကွက်ရှာခြင်းများအတွက် ပိုမိုတိုးတက်လုပ်ဆောင်နိုင်စေသင့်ပါသည်။ မြစိမ်းရောင်ဈေးငွေသည် ပထမဦးဆုံးသောအစီအစဉ်ဖြစ်ပြီး ကျေးရွာအနေဖြင့် စနစ်ကျသော ငွေကြေးဝန်ဆောင်မှုများရရှိနိုင်လျှင် တစ်နိုင်မိသားစုရိုးရာအခြေပြု လက်မှုလုပ်ငန်းများ စိုက်ပျိုးရေးလုပ်ငန်းများ ထူထောင်နိုင်မည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနတို့က ပူးပေါင်းဦးဆောင်ပြီး ထိုကဲ့သို့အဖွဲ့ငယ်များ စုစည်းပြင်ဆင်နိုင်အောင်ပြုလုပ်ပေးခြင်းအားဖြင့် ငွေကြေးဝန်ဆောင်မှုပေးသော ဘဏ်လုပ်ငန်းစသည်တို့ဖြင့် ချိတ်ဆက်နိုင်စေမည်ဖြစ်ပါသည်။

**(ဃ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အခြားကူညီထောက်ပံ့ပေးနိုင်သော အဖွဲ့အစည်းများ**

ကျေးရွာအတွင်း ဖွံ့ဖြိုးရေးအမြင်များပွင့်လင်းလာသည်နှင့်အမျှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် ကျေးရွာလူထုလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည့် စွမ်းဆောင်ရည်များတည်ဆောက်ရန်လိုအပ် ပါသည်။ ယင်းကို ဆောင်ရွက်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်အခြားကူညီထောက်ပံ့ပေးနိုင်သော အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ကာ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုပွင့်လင့်မြင်သာစွာနှင့် တာဝန်ခံယူမှုရှိစွာ ဆောင်ရွက်သွားနိုင်စေမည်ဖြစ်ပါသည်။

**(င) အလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

အသေးစားစက်မှုလုပ်ငန်းများကို ဒေသတွင်းလိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ချိတ်ဆက်ကာ ထောက်ပံ့ပေးပါက လူမှုစီးပွားဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင်မှု ကျေးရွာအနေဖြင့် ယင်းအထောက်အပံ့များကို လက်လှမ်းမီနိုင်ခြင်းမရှိသေးပါချေ။ အမျိုးသမီးအနည်းငယ်ကမူ စက်ချုပ်လုပ်ငန်းကို စိတ်ပါဝင်စားမှုရှိကြပြီး အခြားသီးနှံထုတ်လုပ်မှုနှင့် ဆက်စပ်သော တစ်နိုင်စက်မှုလုပ်ငန်းများ ဥပမာ- ပြောင်းနှင့် အာလူးကို အသင့်စားသုံးနိုင်သော ထုတ်ကုန်တစ်မျိုးမျိုးအဖြစ် ပြောင်းလဲထုတ် လုပ်ခြင်းမျိုးဖြစ်ပါသည်။ ယင်းက တန်ဖိုးပြောင်းလဲမှုကို ဖော်ဆောင်ပေးနိုင်သည်ဖြစ်သောကြောင့် ဒေသလူမှုစီးပွားဈေးကွက်တစ်ခုပေါ်ထွန်းလာစေနိုင်ပါသည်။

ယင်းကို မူဝါဒအထောက်အပံ့အဖြစ် သက်ဆိုင်ရာအထက်အဆင့်များက ချိတ်ဆက်ကူညီနိုင်ရန်အရေးကြီးပါသည်။ အသေးစားချေးငွေလုပ်ငန်းကိုဆောင်ရွက်ရာတွင် အဓိကဖော်ထုတ်သောစိန်ခေါ်ချက်မှာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းရှားပါးခြင်းဖြစ်ပါသည်။ ဝင်ငွေရလုပ်ငန်းမရှိပဲ မည်သည့်အစီအစဉ်ဖြင့် ငွေချေးသည်ဖြစ်စေ အလုပ်မလုပ်နိုင်ခြင်းကြောင့် ဝင်ငွေမရတော့ ပဲ ပြန်မဆပ်နိုင်လျှင် တိုးရင်းပေါင်းဆင့်ကာ အခြေအနေပိုမိုဆိုးရွားသွားစေနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ချေးငွေအစီအစဉ်များကို အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းဖန်တီးခြင်း ဖြင့် ချိတ်ဆက်အကောင်ထည်ဖော်ရန်လိုပါသည်။ ထို့ပြင် အသက်မွေးဝမ်းကြောင့်အခွင့်အလမ်း ဖန်တီးခြင်းသည်ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန်လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုး တက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များအလိုက်စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ် တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။



CS CamScanner

**ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာန များအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့်ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့ နှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ် အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။



CamScanner

ယွယုတ်ကျေးရွာ၊ကျိုင်းတုံမြို့နယ်၏ ဦးစားပေးစီမံချက်အခြေပြဇယား

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ***စီမံခန့်ခွဲမှုကဏ္ဍ*** | | | | |
| အခါမြန်မာ၂ဘာသာဖြင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်တင်ခြင်းအားဖြင့် အစိုးရဌာနများ၏ ဝန်ဆောင်မှုများကို ပိုမိုတိုးတက်ရယူရန် အစီအစဉ် | အခါနှင့်မြန်မာ နှစ်ဘာသာဖြင့် စီမံအုပ်ချုပ်မှု၊ ဖွံ့ဖြိုးမှုစွမ်းဆောင် ရည်တည်ဆောက် သည့် အစီအစဉ် | ၁ | ၁၀ | အခါဒေသရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုကိုဆန်းစစ်ရာတွင် မိရိုးဖလာ စီမံအုပ်ချုပ်မှုမှာ သာမန်အားဖြင့် ကောင်းမွန်သော်လည်း သက်ဆိုင်ရာဌာနများဖြင့်ချိတ်ဆက်ခြင်း၊ဝန်ဆောင်မှုရယူခြင်း တို့ကို ပိုမိုတိုးတက်လာစေရန်ရည်ရွယ်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာအုပ်ချုပ်ရေးတို့က အခါ၊ မြန်မာ ၂ ဘာသာတွင် ပိုမိုတိုးတက်လာစေရန် အတွက် ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် မြို့နယ်ဌာန၊ အဖွဲ့အစည်းများတွင် ဦးဆောင်ချိတ်ဆက်မှုများ တိုးချဲ့လုပ်ဆောင်မည့်အစီအစဉ်ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်မှ စ တင်ကာ ဆောင်ရွက်ရန်လျာ ထားပြီးဖွံ့ဖြိုးရေးကော်မတီ၏ စီမံအုပ်ချုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါသည်။ |
| ***စိုက်ပျိုးရေးကဏ္ဍ*** | | | | |
| ခေတ်မီစိုက်ပျိုးရေး နည်းပညာများကို လက်လှမ်းမီရယူခြင်းအားဖြင့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်လာစေရန် | စိုက်ပျိုးရေးနည်းပညာသင်တန်း | ၂ | ၉ | စပါးအရက်ချက်ခြင်းကို တစ်ရွာလုံးနီးပါးလုပ်ကိုင်ကြပြီး စပါး လိုအပ်ချက်ကို ဘုံစပါးစီမံခန့်ခွဲမှုပုံစံဖြင့်လုပ်ကိုင်နေကြသော်လည်း စိုက်ပျိုးနည်းပညာအရ လိုအပ်ချက်များရှိနေခြင်းကို ပိုမိုတိုးတက်စေလိုသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကအုပ်ချုပ်ရေးဖြင့် ပေါင်းစပ်ကာ သက်ဆိုင်ရာဌာနသို့နည်းပညာသင်တန်းများ လက်လှမ်းမီရယူလိုသော စီမံချက်လုပ်ငန်းဖြစ် ပါသည်။ |

| ကဏ္ဍ/လုပ်ငန်း<br>ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | | ၂၀၁၆ခုနှစ် လယ်ယာလုပ်ငန်းအားလပ်ချိန်တွင် ဌာနဖြင့်ချိတ်ဆက်မှုကို စတင်ရန်ရည်ရွယ်ပြီး ရွာကိုယ်စားပြု လယ်သမားအချို့ကို ကျေးရွာနှင့်လျော်ညီမည့် စိုက်ပျိုးနည်းပ ညာများ ရယူနိုင်ရေး ဌာန၏ပေါင်းစပ်မှုဖြင့် စီမံဆောင်ရွက်မည် ဖြစ်ပါသည်။ |
| *မွေးမြူရေးကဏ္ဍ* | | | | |
| မွေးမြူရေးခေတ်မီနည်းပညာများကို ရယူခြင်းအားဖြင့် ကျေးရွာအတွင်း ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများ တစ်နိုင်မွေးမြူရေး မှ ဝင်ငွေပိုမိုရရှိလာနိုင်ရေးအစီအစဉ် | မွေးမြူရေးနည်းပညာသင်တန်း | ၃ | ၈ | တစ်နိုင်မွေးမြူမှုများပြားပြီး သက်ဆိုင်ရာမွေး/ကုဦးစီး ဌာနဖြင့်ချိတ်ဆက်နိုင်မှုနည်းပါးခြင်းကြောင့် ကျန်းမာရေးကိစ္စ ရပ်များတွင် အားနည်းချက်များ ကြုံတွေ့နေရခြင်းကို ဖြေရှင်းနိုင်ရန်ရည်ရွယ်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ကာ အဆင့် ၃ နှင့် အဆင့် ၄ အိမ်များမှ မွေးမြူရေး စိတ်ပါဝင်စားသော အိမ်ထောင်စုများကို အလှည့်ကျရွေးထုတ်ကာ မွေး/ကု ဦးစီးဌာန ဖြင့်ချိတ်ဆက် ပြီး မွေးမြူရေးနည်းပညာ သင်တန်းရယူစေမည့် လုပ်ငန်းရပ်ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် ဒုတိယ၆လပိုင်း တွင်စတင်နိုင်ရန် ရည်မှန်းပြီး ဘာသာစကားအခက်အခဲကြောင့် နောက်ကျနိုင်ပါသည်။ |
| ချေးငွေ | တစ်နိုင်မွေးမြူရေးချေးငွေ | ၅ | ၆ | ယင်းမိသားစုများမှ ချေးငွေပြန်ဆပ်နိုင်ရန် အလားအလာများသော မွေးမြူနိုင်မည့်ကောင်ရေကို တစ်နိုင်ချေးငွေဖြင့် ချေးငွေရယူမွေးမြူနိုင်ရန် မွေးကုဌာန သို့မဟုတ် သမချေးငွေဖြင့် ချိတ် ဆက်လုပ်ဆောင်လိုသည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။ မြစိမ်းရောင် လှည့်ပါတ်ရန်ပုံငွေ ပုံစံကိုယူပြီး စိတ်ဝင်စားလုပ်ကိုင်လိုသော အိမ်ထောင်စုများကို ကျေးရွာ |

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | | ဖွံ့ဖြိုးရေးကော်မတီက၊ ရွာအုပ်ချုပ်ရေး စသူတို့ဖြင့် ပေါင်းစပ်ကာ ရွေးချယ်ပြီး သက်ဆိုင် ရာဌာနသို့ လည်း တစ်ပြိုင်တည်း ချိတ်ဆက်လုပ်ဆောင်ကြည့် ရမည့်အစီအစဉ်ဖြစ်ပါသည်။ သင်တန်းရယူပြီးသူများပေါ်တွက် လာပါက ၎င်းတို့၏ အကူအညီဖြင့် နည်းပညာများပြန့်ဝေ နိုင်ရေးနှင့် တစ်နိုင်မွေးမြူရေးကို ပိုမိုစနစ်ကျစွာ လုပ်ကိုင်နိုင်ရေးတို့အ ပြင် ရေရှည်ဝန်ဆောင်မှုများ ရရှိရေးကိုပါ ရည်ရွယ်သည့် လုပ် ငန်းကို ၂၀၁၇ ခုနှစ်တွင် စတင်ပြီး လုပ်ဆောင်မည်ဖြစ်ပါသည်။ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းများကဏ္ဍ** | | | | |
| ရှိပြီးအခါအထည်ကို ဒီဇိုင်းဆန်းသစ်ခြင်းဖြင့် ဒေသတွင်း ဈေးကွက်ပိုမိုရရှိပြီးလျှင် အမျိုးသမီးများ၏ ဝင်ငွေပိုမိုတိုးတက်ရရှိလာရေးအစီအစဉ် | ဒီဇိုင်းပညာသင်တန်း | ၄ | ၇ | အခါရိုးရာအထည်မှာ လက်မှုလုပ်ငန်းဖြစ်ပြီး အရည်အသွေး ကောင်းမွန်ကာ ဆေးဆိုးခြင်းသည် လည်း သဘာဝသစ်ပင်ဖြင့် အရည်အသွေးမှီဆေးဆိုးခြင်းဖြစ်သောကြောင့် အရည်အသွေး ကောင်းသော်လည်း မိမိတို့ရိုးရာပွဲတော်များတွင် သုံးရန်နှင့် အိမ်တွင်းသုံးရန်သာ ရက်လုပ်မှုများ ခြင်းကြောင့် ဒီဇိုင်းဆန်းသစ်မှုလည်းမရှိပေ။ ထို့ကြောင့် ဈေးကွက် အလားလာများသော်လည်း တိုးချဲ့နိုင်ခြင်းမရှိပေ။ သို့သော်အမျိုးသမီးတိုင်း လိုလိုရက်လုပ် နိုင်ခြင်းကြောင့် အရင်းအနှီးနှင့်နည်းပညာ ရရှိပါက လုပ်ဆောင် လိုသောလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ကာ သက်ဆိုင်ရာနည်းပညာနှင့် ငွေကြေးပံ့ပိုးပေးနိုင်မည့် အဖွဲ့အစည်း၊ဌာနစသည်ကို ရှာဖွေချိတ်ဆက်ရန်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး |

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | | ဦးစီးဌာနနှင့် အခါဝန်ကြီးတို့ကို ၂၀၁၆ ခုနှစ်အတွင်း ချိတ်ဆက်ပြီး စတင်လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။ |
| လုပ်ငန်း | ဘုံအရက်ချက်လုပ်ငန်း | ၆ | ၅ | ဟေ့ယုတ်စပါးအရက်သည် ကျိုင်းတုံတွင် ဈေးကွက်ရရှိထား ပြီးအခါရိုးရာအရက်အဖြစ် တံဆိပ်တပ်ကာ လုပ်ငန်းတိုးချဲ့ရန် အလားအလာကောင်းသော အနေအထားရှိပါသည်။ လက်ရှိတွင် ကျေးရွာအတွင်းမှ တစ်ဦးကလုပ်ငန်းလိုင်စင်ကို စုပေါင်းအဖြစ်လျှောက်ထားကာ ရွာမှစုပေါင်းကျခံသော စနစ်ကိုကျင့်သုံး နေပြီးဖြစ်ပါသည်။ ဘုံအရက် ချက်လုပ်ငန်းအဖြစ် စနစ်တကျ လုပ်ကိုင်လိုပြီး မည်သို့လုပ်ဆောင်ရမည်မှန်းမသိဖြစ်နေပါသည်။ အခါရိုးရာကျွမ်းကျင်သူဦးမင်းညိုနှင့်ချိတ်ဆက်ပြီး သက်ဆိုင်ရာ နည်းပညာနှင့် ငွေကြေးအထောက်အကူ ပေးနိုင်မည့် သူကို ရှာဖွေရမည့်လုပ်ငန်းဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာ အုပ်ချုပ်ရေးတို့ပူပေါင်းပြီး ၂၀၁၆ခုနှစ်မှ စတင်ကာ လေ့လာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။ |
| ပညာရေးကဏ္ဍ | | | | |
| ကျောင်းဆောင်သစ် လျှောက်ထားခြင်းအားဖြင့်ကျောင်း သားသူများ ပိုမိုလုံခြုံ စိတ်ချစွာပညာသင်ကြားနိုင်ရေးအစီအစဉ် | ကျောင်းဆောင်သစ်လျှောက်ထားခြင်း | ၁၀ | ၁ | အုပ်စုတွင်း အခါရွာများအားထားရသော မူလတန်းကျောင်းဖြစ်ပြီး ယခုအခါ ကျောင်းသားအရေအတွက် ပိုမိုလာခြင်းကြောင့် ကျောင်းဆောင်သစ်လျှောက်ထားလိုခြင်းဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ကျေးရွာအုပ်စု ကျောင်းကော် မတီ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ (ရွာ ၃ ရွာပေါင်း) ဖြင့်ပူးပေါင်းကာဆွေးနွေးပြီး ၂၀၁၆ ခုနှစ် ၂ လ |

| ကဏ္ဍ/လုပ်ငန်း<br>ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | ဦးစားပေး | အဆင့် | စီမံချက်ကိုအကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | | ပိုင်းတွင် မြို့နယ် ပညာရေးဌာနသို့ တင်ပြနိုင်ရန် လုပ်ဆောင်ရမည့်စီမံချက်လုပ်ငန်းရပ်ဖြစ်ပါသည်။ အုတ် ၁၀၀၀၀ကျော်ရဆောင်းထားပြီး ဖြစ်ခြင်း၊ သဲကျောက် ကြမ်းရရှိနိုင်ခြင်းတို့ကြောင့် အလားအလာရှိသော လုပ်ငန်းလည်းဖြစ်ပါသည်။ ၃၀×၃၀×၁၂ အတိုင်း အတာဆောက် လုပ်ရန် ရည်မှန်းပြီးတမံသလင်းခင်းဆုတ်ကာလွှပ်မိုး အဆောက်အဦဖြစ်ပါသည်။ |
| **အခြေခံအဆောက်အဦကဏ္ဍ** | | | | |
| ချောင်းကူးတံတားနှင့် လမ်းစသည့် လိုအပ်သောအခြေခံအဆောက်အဦများ ပြုပြင်ခြင်းအစီအစဉ် | နမ့်မော်အောက်ချောင်းတံတားပြုပြင်ခြင်း | ၇ | ၄ | အခါခေ၅ရွာစလုံး အကျိုးခံစားရမည့် ပါလွင်-ဟော့ပုတ်လမ်း ပိုင်းပေါ်ရှိ နမ့်မော်အောက်ချောင်းတံတားပြုပြင်ခြင်း စီမံချက်လုပ်ငန်းရပ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦး ဆောင်ကာ သက်ဆိုင်ရာကျေးရွာများရှိတာဝန်ရှိသူများကို ညှိတိုင်ဆက်ရှင်းလင်းခြင်းကို ၂၀၁၉ ခုနှစ်တွင် စတင်နိုင်ရန် လျာထားပြီး ရန်ပုံငွေရရှိနိုင်မည့် နည်းလမ်းများကို ရှာဖွေညှိတိုင်ဆက်နိုင်ရန် စီစဉ် လုပ်ကိုင်မည်ဖြစ်ပါသည်။ |
| | ရွာအဝင်လမ်းပြုပြင်ခြင်း | ၈ | ၃ | မိုးရာသီ ရွာအဝင်လမ်းမကောင်းခြင်းကို လမ်းချောစေရန်ရည်ရွယ်ပြီး ကျေးရွာလုပ်အားထည့်ဝင်မှုဖြင့်ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်စည်းရုံးလုပ်ကိုင်မည့် လုပ်ငန်းရပ်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း ပြီးစီးရန်လျာထားပြီး သက်ဆိုင်ရာကျေး လက်ထောက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သို့ ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့်တင်ပြအကူအညီ တောင်းခံ |

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကိုးကြောင်းရှင်းလင်းဖော်ပြချက် |
| --- | --- | --- | --- | --- |
| | | | | သွားမည်ဖြစ်ပါသည်။ |
| | နောင်လျှင်တံတားပြုပြင်ခြင်း | ၉ | ၂ | ရွာအနီးချောင်းများမှ ကျောက်၊သဲရရှိနိုင်မှုများပြားပြီး အခါခြေ ရွာများကို အကျိုးဖြစ်ထွန်းစေမည့် စီမံချက်လုပ်ငန်းရပ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက သက်ဆိုင်ရာ ရွာများသို့ လုပ်ငန်းစဉ်အဆိုပြုခြင်းရှင်းလင်းခြင်းကို ၂၀၁၆ ၄ လပိုင်းတွင် လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပြီး ယင်းမှထွက်ပေါ်လာသော ရလာဒ်ပေါ်မူတည်ကာ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ |

### (ဃ) အကောင်ထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းကာလများကိုနှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

**ဇယား (၄၆) စီမံကိန်းကာလ**

| စဉ် | စီမံကိန်း | ဦးစားပေးအဆင့် | ကာလ | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | |
| ၁ | ကျောင်းဆောင်သစ် လျှောက်ထားခြင်း | ၁ | √ | √ | √ | | | | |
| ၂ | နောင်လျှန်တံတားပြုပြင်တိုးချဲ့ခြင်း | ၂ | | √ | | | | | ကျေးလက်ဦးစီး |
| ၃ | ရွာအဝင်လမ်းပြုပြင်ခြင်း | ၃ | | √ | | | | | ။ |
| ၄ | နမ့်မော်အောက်ချောင်းတံတားပြင်ခြင်း | ၄ | | √ | √ | √ | | | ။ |
| ၅ | ဘုံအရက်ချက်လုပ်ငန်းထူထောင်ခြင်း | ၅ | | √ | √ | √ | √ | √ | |
| ၆ | တစ်ဦးချင်းမွေးမြူရေး ချေးငွေ | ၆ | | | √ | √ | √ | √ | |
| ၇ | ဒီဇိုင်းပညာသင်တန်း | ၇ | | √ | √ | √ | | | |
| ၈ | မွေးမြူရေးနည်းပညာသင်တန်း | ၈ | | √ | √ | √ | | | ။ |
| ၉ | စိုက်ပျိုးရေးနည်းပညာ သင်တန်း | ၉ | | √ | √ | √ | √ | √ | ။ |
| ၁၀ | အခါနှင့်မြန်မာ နှစ်ဘာ သာဖြင့် စီမံအုပ်ချုပ်မှု၊ ဖွံ့ဖြိုးမှုစွမ်းဆောင်ရည် တည်ဆောက်သည့်အစီအစဉ် | ၁၀ | | √ | √ | √ | √ | √ | ။ |



CamScanner

## ၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံ နှင့် အစီအစဉ်၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦးကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ၄နှစ်တာကာလ အတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| | | | ရင်းနှီးမြှုပ်နှံမှုအရအသုံးစုသတ်မှတ်ခြင်း(ကျပ်) | | | | |
|---|---|---|---|---|---|---|---|
| စဉ် | စီမံချက် | ရံပုံငွေ (ကျပ်) | စွမ်းဆောင်ရည် မြှင့်တင်ရေး | ငွေလုံးငွေရင်းအသုံးစရိတ် | အထွေထွေရင်းနှီးမြှုပ်နှံမှု | လူသားရှင်းစာနာမှုအထောက်အပံ့ |
| ၁ | ကျောင်းဆောင်သစ်လျှောက်ထားခြင်း | | | | | |

| စဉ် | စီမံချက် | ရံပုံငွေ (ကျပ်) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | စွမ်း ဆောင်ရည် မြှင့်တင်ရေး | ငွေလုံးငွေရင်းအသုံးစရိတ် | အထွေထွေရင်းနှီးမြှုပ်နှံမှု | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၂ | နောင်လျှန်တံတားပြုပြင်တိုးချဲ့ခြင်း | | | | | |
| ၃ | ရွာအဝင်လမ်းပြုပြင်ခြင်း | | | | | |
| ၄ | နမ့်မော်အောက်ချောင်းတံတားပြင်ခြင်း | | | | | |
| ၅ | ဘုံအရက်ချက်လုပ်ငန်းထူထောင်ခြင်း | | | | | |
| ၆ | တစ်ဦးချင်းမွေးမြူရေးချေးငွေ | | | | | |
| ၇ | ဒီဇိုင်းပညာသင်တန်း | | | | | |
| ၈ | မွေးမြူရေးနည်းပညာသင်တန်း | | | | | |
| ၉ | စိုက်ပျိုးရေးနည်းပညာသင်တန်း | | | | | |
| ၁၀ | အခါနှင့်မြန်မာ နှစ်ဘာသာဖြင့် စီမံအုပ်ချုပ်မှု၊ ဖွံ့ဖြိုးမှုစွမ်းဆောင်ရည်တည်ဆောက် သည့်အစီအစဉ် | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

### (က) ကျေးရွာလူထု (လူထုခေါင်းဆောင်မှု နှင့် စီမံခန့်ခွဲမှု အခန်းကဏ္ဍ)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်သာဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ - ပညာရေးကော်မတီသည် ကျေးရွာ၏ပညာရေးကဏ္ဍ ပိုမိုကောင်းမွန်တိုးတက်လာစေရန် တာဝန်ယူ ဆောင်ရွက်စေ၍ စိုက်ပျိုးရေးကော်မတီသည် ကျေးရွာ၏ လယ်ယာကုန်ထုတ်ခြင်းလုပ်ငန်းများ တိုး တက်ရေးအတွက် တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း

ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုအပ်ပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် ဖြေရှင်းရန်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ - ပညာရေးကော်မတီသည် ကျေးရွာရှိစာသင်ကျောင်းတွင် ဆရာ၊ ဆရာမ လိုအပ်နေမှု (သို့) မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်အခြေခံပညာဦးစီးဌာနနှင့်

ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက် ရပါမည်။ စိုက်ပျိုးရေးကော်မတီကလည်း လယ်ယာထုတ်ကုန် သီးနှံများတိုးမြှင့် ထုတ်လုပ်ရန် မြို့နယ်စိုက် ပျိုး ရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆက်သွယ်၍ နည်းပညာဆိုင်ရာ အကူအညီများရယူရန် လိုအပ်ပါမည်။

(ဂ) **ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်း အမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုး အစားများအတွက် အောက်ပါ အဖွဲ့အစည်း / ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာ နှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော ကော်မတီ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) **ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည် ဖော်ရန်အတွက် အဆိုပြုစီမံကိန်းများကို ရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းတစ်ခုစီ ချင်း စီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များကို ရေးဆွဲထားရှိပါသည်။ ဥပမာအားဖြင့် ကျေးရွာ ကျောက်ချောလမ်းခင်းရန်အတွက် လိုအပ်သော ကုန်ကျစရိတ်များကို တွက်ချက်ရာတွင် ကျေးရွာလူထုမှ ထည့်ဝင်နိုင်မည့် လုပ်အားပမာဏ၊ ငွေကြေးထည့်ဝင်မှု၊ ပြင်ပ အကူအညီလိုအပ်မှု စသည်တို့ ပါဝင်ပြီး၊ ရေရှည်တည်တံ့ရေး လုပ်ငန်းများတွင် ကျေးရွာလူထုမှ ရေနုတ်မြောင်း တူးဖော်ရေး၊ ပြုပြင်ထိန်း သိမ်းရေး အပိုင်းများတွင် လုပ်အား၊ ငွေအား ထည့်ဝင်မှု စသည်တို့ ပါဝင်ပါသည်။ စီမံချက် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ အလိုက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ နာယကများ၏ အကြံပြုချက်များကို ရယူရုံသာမက လုပ်ငန်းအကောင်

အထည်ဖော်မှုများ အားလုံးအ တွက်ငွေကြေးသုံးစွဲမှုများကို ပွင့်လင်းမြင်သာမှုရှိရေးအလေး ထား ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင်ပူးပေါင်းပါဝင်သော နည်းလမ်း (Participatory Process) ဖြင့် ဆောင်ရွက်ရာတွင် အရေးကြီးသောလိုအပ်ချက်မှာ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်မှု အဆင့်တိုင်း၌ လူတန်းစား အလွှာအသီးသီး၊ လူတန်းစားမရွေး ထိရောက်စွာ ပါဝင်ခွင့်ရရှိရေးပင်ဖြစ်ပါသည်။ သို့မှသာ လူထုက စီမံကိန်းလုပ်ငန်းများအပေါ် ပိုင်ရှင်စိတ်ဓာတ် ရှိလာပါမည်။ လူထု၏ပိုင်ရှင် စိတ်ဓာတ်ရှိလာလေလေ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ၏ လုပ်ငန်း လည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးအတွက် လူထုပါဝင်မှု အားကောင်းလေလေ ဖြစ်ပါမည်။ ၎င်းဖွံ့ဖြိုးရေး လုပ်ငန်းများ လည်ပတ်စရိတ်၊ ပြုပြင်စရိတ် စသည်တို့အတွက် လူထု၏ထည့်ဝင်မှု၊ ပူးပေါင်းပါဝင်မှု မရှိလျှင် တည်ထောင်ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်းများ မတည်မြဲ နိုင်ပါ။

အကောင်အထည်ဖော် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လုပ်ငန်းရည်ရွယ်ချက်နှင့် သဘော သဘာဝများမှာ လုပ်ငန်းအလိုက် ကွဲပြားပါသည်။ ထို့ကြောင့် လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင် ထိန်း သိမ်းရေး အစီအစဉ်များအတွက် စီစဉ်ဆောင်ရွက်ပုံများမှာလည်း ကွဲပြားပါသည်။ ကျေးရွာတွင်း ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအလိုက် လုပ်ငန်းများ လည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်း ရေးအတွက် သက်ဆိုင်ရာအဖွဲ့များကို အောက်ပါပုံစံများဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်သွားမည် ဖြစ်ပါ သည်။

## ၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေ များအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ် ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့် အတိုင်းကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ ကြီးကြပ်စစ်ဆေးသုံးသပ်ရခြင်း၏ ရည်ရွယ်ချက်များမှာ -

- စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုများအား အမြဲမပြတ်ကြည့်ရှု၍ စီမံခန့်ခွဲရန် ၊
- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ ပြီးမြောက်အောင်မြင်မှုများအား လေ့လာခြင်းအားဖြင့် ၎င်းတို့၏ အကျိုးရလဒ်များကို ရှင်းလင်းစွာ နားလည် သဘောပေါက်လာစေရန်၊
- ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ဖော်ထုတ်သိရှိနိုင်ရန်နှင့် ဦးစားပေး ဖြေရှင်းရမည်များကို သတ်မှတ်ဆောင်ရွက်နိုင်ရန်၊
- ဆောင်ရွက်နေသော စီမံကိန်းအတွေ့အကြုံများအပေါ်တွင် အခြေခံ၍ အသုံးပြုနေသော ဖွံ့ဖြိုးရေးဗျူဟာကို ချိန်ညှိနိုင်ခြင်းအားဖြင့် သင့်လျော်သော ဖွံ့ဖြိုးရေးအစီအစဉ်များ ရွေးချယ်ဆောင်ရွက်နိုင်ရန်၊



CamScanner

- နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများထံမှ လိုအပ်သော ဖွံ့ဖြိုးရေး အကူအညီများ တိတိကျကျ သတ်မှတ်နိုင်ရန်၊

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းပါဝင်လာအောင်ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက် နိုင်ရန် သင့်တော်သောအဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက် မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက် နေသောအဖွဲ့ခွဲ အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲများသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်းများ ဖြစ်လာပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြ ပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင် ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များ အပေါ် ဦးတည် ပါမည်။

**(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု**

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထား ချက် နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊

- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ဇန် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူ အညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ဓ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၏တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါ သည်။

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် သုံးသပ်ပွဲတွင် အောက်ပါအချက်များအပေါ် အဓိက အလေးထားဆောင်ရွက်ပါမည်။

- စီမံကိန်းလုပ်ငန်းများမှ ရရှိခဲ့သော လက်ငင်းရလဒ်များ နှင့် အကျိုးသက်ရောက်မှုများ၊
- စီမံကိန်းတစ်ခုချင်းစီ၏ ကျေးရွာလူထုဖွံ့ဖြိုးရေးအပေါ် အကျိုးသက်ရောက်မှုများအား အကဲဖြတ် သုံးသပ်ချက်များ၊
- ဖွံ့ဖြိုးရေးအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ နှင့် စိန်ခေါ်မှုများ၊
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဗဟိုအဆင့်မှ ကူညီအားဖြည့်ရမည် မူဝါဒ နှင့် စီမံကိန်းအထောက်အပံ့များ လိုအပ်မှု အခြေအနေ၊



CamScanner

- ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်မှုမှ ရရှိသော သင်ခန်းစာများ (အခြားရွာများနှင့် အခြား ဒေသ ရွာများသို့ အပြန်အလှန်မျှဝေနိုင်ရန်)
- ဘတ်ဂျက်ရရှိမှု နှင့် လုံလောက်မှု အခြေအနေ
- အကြံပြု သုံးသပ်ချက်များ

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် သုံးသပ်ပွဲ အစီရင်ခံစာကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက အနှစ်ချုပ် ပြုစုပြင်ဆင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အစီရင်ခံပါမည်။ အစီရင်ခံစာသည် စာမျက်နှာ(၂-၃) မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထား ဖော်ပြပါမည်။

- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အဓိကအကျဆုံးသော အရေးကြီးသည့် အကြောင်း အရာ နှင့် စိန်ခေါ်မှုများ
- ပြုပြင်ဆောင်ရွက်ရမည့် အဆိုပြု အစီအစဉ်
- နိုင်ငံတော် အစိုးရအဖွဲ့အစည်းများထံမှ လိုအပ်သည့် အကူအညီ စသည်တို့ ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။



CamScanner

## ၁။ ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

### ၁.၁။ လူဦးရေ နှင့် လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) ပွေးယုတ်ရွာ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၄ | ၃ | ၇ | ၂.၀၄% | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၂၀ | ၁၄ | ၃၄ | ၉.၉၄% | ၅ နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၈ | ၁၆ | ၂၄ | ၇.၀၂% | မူလတန်းကျောင်းနေအရွယ် |
| ၉နှစ်မှ ၁၄နှစ် | ၁၉ | ၁၃ | ၃၂ | ၉.၃၅% | အလယ်တန်းကျောင်းနေအရွယ် |
| ၁၄နှစ်မှ ၆၀နှစ် | ၁၂၆ | ၁၁၇ | ၂၄၃ | ၆၈.၀၄% | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀နှစ်နှင့်အထက် | ၅ | ၇ | ၁၂ | ၃.၅၁% | သက်ကြီးရွယ်ကြီး |
| စုစုပေါင်း | ၁၈၂ | ၁၆၀ | ၃၄၂ | ၁၀၀% | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာလူကျေးရွာသားများကိုယ်တိုင် တန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁-၁၂ စက်တင်ဘာ ၂၀၁၅)

လေ့လာတွေ့ရှိချက် ။ ။ ပွေးယုတ်ရွာသည် ကျိုင်းတုံမြို့နယ် ဖိုင်းခွန်ကျေးရွာအုပ်စုတွင်းရှိ အခါလူမျိုးများ နေထိုင်သော ကျေးရွာဖြစ်ပြီး ကျိုင်းတုံမှ၁၃မိုင်အကွာတွင်ရှိသော တောင်ကုန်းပေါ်ရှိရွာဖြစ်ပါသည်။ လူဦးရေစုစုပေါင်း ၃၄၂ ဦးနှင့်အိမ်ထောင်စု ၅၀ စုသာရှိပါသည်။ ထို့ကြောင့် တစ်အိမ်ထောင်လျှင်၅.၉ ဦး နှုန်းရှိပြီး ရိုးရာဓလေ့အားဖြင့် မိသားစုများစုပေါင်းနေထိုင်ကြပါသည်။ ကျား၊မအချိုးမှာ ယေဘုယျအား ဖြင့် အမျိုးသားဦးရေက ပိုများနေပါသည်။ စုစုပေါင်းလူဦးရေတွင် ကျား ၂၂ဦး အလုပ်လုပ်နိုင်သည့်အ သက်အရွယ်တွင် ၁၉ဦး၊ ၉နှစ်မှ၁၄နှစ်တွင် ၆ ဦး၊ ၅နှစ်အောက် အရွယ်တွင် ၆ ဦး၊နို့စို့အရွယ်တွင် ၁ ဦး အသီးသီးပိုပါသည်။ ကျန်အ သက်အရွယ်များဖြစ်သည့် ၅နှစ်မှ၉နှစ်ကြားတွင် မ ၈ဦး နှင့် ၆၀နှစ်နှင့်အ ထက်တွင် မ ၂ ဦးသာ ပိုပါသည်။ အများစု ကိုးကွယ်သည့် ဘာသာမှာ နတ်စားဖြစ်ပြီး ဗုဒ္ဓဘာသာနှင့် နတ်စား ၂ မျိုး ရောအိမ် ၁ အိမ်သာရှိပါသည်။ နှစ်ခြင်းခရစ်ယာန်သာသနာပြုများ လာရောက်သာသနာ ပြုမှုများရှိသော်လည်း လက်ရှိအချိန်ထိ ရိုးရာဓလေ့နတ်ကိုးကွယ်ခြင်းနှင့်ဘာသာအလေ့အထများ ကိုသာ စွဲစွဲမြဲမြဲ ကျင့်သုံးနေဆဲဖြစ်ပါသည်။

### ၁.၂။ လုပ်သားအင်အား

ဇယား (၂) ပွေးယုတ် လုပ်သား အင်အား နှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်း | အဓိကအလုပ်အကိုင်( အိမ်ထောင်စု) | % | အခြားဝင်ငွေရလုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | စိုက်ပျိုးရေး(သီးနှံထုတ်လုပ်ရေး) စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | တောင်သူ၅၂ | ၈၉.၆ | | တောင်သူ(၄၈)၊ တောင်သူ ၄၊ (ဂန်ထမ်း၂၊ +လက်သမား၂) |
| | ဝန်ထမ်း၊နေ့စား၊အစေားလုပ်သား | | | | |

| စဉ် | လုပ်ငန်း | အဓိကအလုပ်အကိုင်( အိမ်ထောင်စု) | % | အခြားဝင်ငွေရလုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၂ | မွေးမြူရေးလုပ်ငန်း | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၃ | ငါးမွေးမြူရေးလုပ်ငန်း | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၄ | သစ်တွင်း၊ကျောက်တူးဖော်ခြင်း နှင့် သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲသောလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | စပါးအရက်ချက် ၅၈ အခါရိုးရာအထည်ရက် ၁၀ | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၆ | လျှပ်စစ်၊သဘာဝဓါတ်ငွေ့နှင့်ရေပေးဝေရေး | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၇ | ဆောက်လုပ်ရေး၊လက်သမားနှင့်ပန်းရံလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | လက်သမား၂ | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၈ | ယဉ်ကားစက်ပြင်နှင့်အိမ်တွင်း စက်ပစ္စည်းကိရိယာများပြုပြင်ခြင်းလုပ်ငန်း | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | ဆိုင်ကယ်ပြင်၁ | | ၁.၇၂ | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၉ | လက်လီလက်ကား (ကုန်စုံဆိုင်စသည်) ရောင်းဝယ်ရေးအမျိုးမျိုး | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |

| စဉ် | လုပ်ငန်း | အဓိကအလုပ်အကိုင်( အိမ်ထောင်စု) | % | အခြားဝင်ငွေရလုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| ၁၀ | ဝန်ဆောင်မှုလုပ်ငန်းများ (ဆံသ၊စက်ချုပ်၊အင်ဂျင်နီယာ၊သင်တန်း စသည်) | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၁ | ဟိုတယ်၊တည်းခိုခန်းနှင့်စားသောက်ဆိုင် | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၂ | ပို့ဆောင်ဆက်သွယ်ရေး နှင့် ကုန်စည်သိုလှောင်မှုလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၃ | ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ(ဘဏ်လုပ်ငန်းနှင့်ငွေတိုးချေးခြင်းအပါအဝင်ဘဏ္ဍာရေးလုပ်ငန်းများ) | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၄ | အိမ်၊ခြံ၊မြေရောင်းဝယ်ဌား နှင့်အလားတူလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ ကာကွယ်ရေး၊လူမှုလုံခြုံရေးစသည် | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | ဝန်ထမ်း၂ | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၆ | ပညာရေး | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၇ | ကျန်းမာရေး | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အခစားလုပ်သား | | | | |
| | ကူညီလုပ်ကိုင်သူမိသားစုဝင် | | | | |
| ၁၈ | လူမှုရေးလုပ်ငန်းများ | | | | |
| | စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အ | | | | |



CamScanner

| စဉ် | လုပ်ငန်း | အဓိကအလုပ်အကိုင် (အိမ်ထောင်စု) | % | အခြားဝင်ငွေရလုပ်ငန်း (လူဦးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| | လုပ် | | | | |
| ၁၉ | ဝန်ထမ်း၊နေ့စား၊အစားလုပ်သား၊<br>ကူညီလုပ်ကိုင်သူမိသားစုဝင်<br>အိမ်များတွင် အငှားလိုက်လုပ်သားများ နှင့် အမျိုးအမည်ခွဲခြား မရနိုင်သော ထုတ်လုပ်မှုလုပ်ငန်းများ<br>စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | ကျပမ်း၅ | ၈.၆၂ | | အမျိုးသမီးဦး၊ မောင် ၂+ တခြားရွာမှ ပြောင်း လာ ၃ |
| ၂၀ | ဝန်ထမ်း၊နေ့စား၊အစားလုပ်သား၊<br>ကူညီလုပ်ကိုင်သူမိသားစုဝင်<br>ပြင်ပအဖွဲ့အစည်းများ<br>စီးပွားရေးလုပ်ငန်း၊ကိုယ်ပိုင်အလုပ် | | | | |
| | ဝန်ထမ်း၊နေ့စား၊အစားလုပ်သား၊<br>ကူညီလုပ်ကိုင်သူမိသားစုဝင်<br>စီးပွားရေးလုပ်ငန်းများတွင်ပါဝင်လုပ်ကိုင်နေသူအိမ်ထောင်စု စုစုပေါင်း | ၅၈ | ၁၀၀ | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်း အချက်အလက်များ (၁၁-၁၂ စက်တင်ဘာ ၂၀၁၅)

**လေ့လာတွေ့ရှိချက် ။** ။ဟွေယုတ်ရွာသည် စိုက်ပျိုးရေးအဓိက လုပ်ကိုင်သောရွာဖြစ်ပါသည်။ ထို့အတူ စပါး အရက်ချက်ခြင်းကို တစ်ရွာလုံးလုပ်ကိုင်ကြပါသည်။ စပါးအရက်ကို ကျိုင်းတုံမြို့မှ ဝယ်လိုအား ပေါ်မူတည် ပြီး ထုတ်လုပ်သကဲ့သို့ ကိုယ်တိုင်သောက်ရန်အတွက်လည်း ပုံမှန်ထုတ်လုပ်ကြပါသည်။ ကျွဲ၊နွားများမွေး မြူထားသော်လည်း လယ်ယာလုပ်ငန်းအတွက်သာ အဓိကရည်ရွယ်မွေးမြူခြင်းဖြစ် ပါသည်။ ဝက်ကိုအိမ် တိုင်းနီးပါးမွေးမြူပြီးဘာ သာရေးပွဲတော်များအတွက်နှစ်စဉ်အသုံးပြုကြခြင်းကြောင့် ကောင်ရေများများ မွေးမြူနိုင်သည့်အိမ်မတွေ့ရှိရပါချေ။ လက်သမားလုပ်ကိုင်သူ ၂ ဦးမှာလည်း တောင်သူဖြစ်ကာ အခြားဝန်ထမ်း၂ဦးမှာ ကျိုင်းတုံအ ထွေထွေအုပ် ချုပ်ရေးနှင့် မြေစာရင်းဦးစီးဌာန တွင် လုပ်ကိုင်နေသော အခြား အဆင့်ဝန်ထမ်းများဖြစ်ကြပါ သည်။ ကျပမ်း၅ဦးသာရှိပြီး ၃ဦးမှာ ရွာ တွင်းသို့မကြာသေးမီက ပြောင်းရွှေ့ လာသူများဖြစ်ပါသည်။ လေ့ထုံးတမ်းမြေယာစီမံခန့်ခွဲလေ့ရှိပြီး အသစ်ပြောင်းရွှေ့လာသူများကို မြေယာ လုပ်ပိုင်ခွင့်ခွဲဝေချထားပေးခြင်း မရှိသေးပါ။ ဟွေယုတ်ရွာ၏ အခြားထူးခြားသောလုပ်ငန်းတစ်ရပ်မှာ ရိုးရာချည်ထည်ရက်လုပ်ခြင်းနှင့် သဘာဝသစ်ဥ၊သစ်ဖုများဖြင့် ဆေးဆိုးခြင်းဖြစ်ပါသည်။ သို့သော် နှစ်မျိုးစလုံးကိုကိုယ်တိုင်အသုံးပြုရန်အတွက်သာ ရည်ရွယ်ပြီး စီးပွားဖြစ်လုပ်ဆောင်မှု နည်းသေးသည် ဟုဆိုနိုင်ပါသည်။ အများစုမှာ အားလပ်ချိန် နည်းကာ လယ်၊ ယာမလိုက်တော့သော သက်ကြီးအမျိုးသမီးများက တစ်နိုင်ရက်လုပ်ခြင်းသာရှိပါသည်။ လယ်ယာလုပ်ငန်းပါးချိန်တွင် ကျိုင်းတုံမှ ချည်လုံးများဝယ်ယူပြီး ရိုးရာအထည်ရက်ဆေးဆိုးပြီး ကျိုင်းတုံသို့ပြန် သွင်းသည့်လုပ်ငန်း လုပ်ကိုင်လေ့ရှိသော်လည်း စီးပွားဖြစ်လုပ်ငန်းရပ်အနေဖြင့် တွင်ကျယ်ခြင်းမရှိ သောကြောင့် အထက်ပါဇယားတွင် ထည့်သွင်းဖော် ပြနိုင်ခြင်းမရှိပါချေ။



CamScanner

### ၁.၃။ စိုက်ပျိုးနိုင်သော မြေဧရိယာ

### ၁.၃.၁။ ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

**ဇယား (၃) ဟွေယုတ်၏ စိုက်ပျိုးမြေဧရိယာနှင့်ရေရရှိနိုင်သည့်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ(ဧက) | မြေဆီလွှာအရည်အသွေး (ကောင်း၊သင့်၊ညံ့) | ဆည်ရေ ရရှိမှု | ရေအရင်းအမြစ်(ရရှိသည့်နေရာ/ရေပေးနိုင်သည့် ဧက) |
|---|---|---|---|---|
| လယ်မြေ | ၆၀ | ကောင်း | မရှိ | ဟွေယုတ်-နောင်လျှင်၊အစါဒေ-ဟွေယုတ်၊ နမ့်မော် အောက်ချောင်းများမှစိုက်ပျိုးရေလုံလောက်စွာရရှိ။ |
| ယာမြေ(ရွှေ့ပြောင်း) | ၃၄.၇၅ | ညံ့ | မရှိ | မိုးကောင်းသောက် |
| ဥယျာဉ်ခြံမြေ | ၁၃ | ကောင်း | မရှိ | မိုးကောင်းသောက် |
| ရွာပိုင်သစ်တော | ၅၀၀ ခန့် | ကောင်း | | ရေဝေရေလဲထိန်းသိမ်းကာကွယ်တော |
| စုစုပေါင်း | ၁၀၇.၇၅ | | | |

ရည်ညွှန်း:- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သ တင်းအချက်အလက်များ (၁၁-၁၂ စက်တင်ဘာ၂၀၁၅)

**လေ့လာတွေ့ရှိချက်** ။ ။စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သောရွာဖြစ်ပြီး လယ်မြေ ၆၀ ဧကနှင့် ယာမြေ ၃၄.၇၅ ဧက ရှိသည်ဟု ဖော်ထုတ်ကြပါသည်။ ဥယျာဉ်ခြံမြေ ၁၃ဧကနှင့် ရွာပိုင်သစ်တော အဖြစ်ထိန်းသိမ်း ထားသောဧက ၅၀၀ ခန့်ရှိပါသည်။ စိုက်ပျိုးမြေအနေအထားအရတွက်လျှင် စုစုပေါင်း ၉၄.၇၅ ဧကရှိပြီး တောင်သူကြီး၊တောင်သူငယ်စုစုပေါင်း ၅၂ အိမ်ထောင်စုဖြစ်ရာ တစ်အိမ်ထောင်လျှင် ၁.၈၂ဧကနှုန်းပိုင် ဆိုင်သည်ဟု ဆိုနိုင်ပါသည်။ ရွာပိုင်ထိန်းသိမ်းသစ်တောဧက ၅၀၀ ခန့်ကျန်ရှိသေးသောကြောင့် ခလေ့ ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်အရ ကျန်မိသားစု ဖြစ်မှာလည်း ယာမြေခွဲဝေမှုအနည်းငယ်စီရရှိနိုင်ပါသည်။ လက်ရှိစိုက်ပျိုးမြေအနေအထားအ ရဆိုလျှင် စိုက်ပျိုးရေအလုံအလောက်ရရှိနိုင်ပါသည်။ စပါးအရက်ချက်ခြင်းကြောင့် ရံဖန်ရံခါ စပါးလိုအပ်ချက်ရှိလျှင် အနားပါတ်ဝန်းကျင်ရွာအချို့မှ ဝယ်ယူကြပါ သည်။

### ၁.၃.၂။ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

**ဇယား (၄) ဟွေယုတ်ရွာ ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု (များ၊သင့်၊နည်း၊မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်၊ခက်၊လက်လမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | |
| ဓါတ်သတ္တု(ကျောက်မျက်၊ သတ္တု၊ ကျောက်မီးသွေး၊သဲ) | သဲကြမ်း၊အာလူးကျောက်ရရှိနိုင်မှုများ | လွယ် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | တောကြက်အနည်းငယ်ရနိုင်၊အခြားတောကောင် မျိုးစိတ်များမရှိတော့ | ခက် |
| အပင်မျိုးစိတ်များ (နွားစာ၊ဆေး ဘက်ဝင်အပင်) | အပင်မျိုးရင်း၊မျိုးကွဲများ ကျန်ရှိသေး၊ ဥပမာ-အ ခါရိုးရာအထည်ဆေးဆိုးသည့် အပင်နှင့်အခြားရိုး ရာဆေးဖက်ဝင် အပင်များ။တိရစ္ဆာန်အစားအ စာရရှိနိုင်မှုများ | လွယ် |

**ရည်ညွှန်း-** ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသ တင်းအချက်အလက်များ (၁၁-၁၂ စက်တင်ဘာ ၂၀၁၅)

**၁.၄။ ဥစ္စာဓနအဆင့်အတန်း**

**ဇယား (၅) ပေါ့ယုတ်ရွာ ဥစ္စာဓနအဆင့်ခွဲခြားခြင်း**

| အကြောင်းအရာ | သတ်မှတ်ချက်<br>အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသောအိမ်ထောင်စု |
|---|---|---|---|---|
| မြေယာပိုင်ဆိုင်မှု (လယ်/ယာ) | ၃-၄ဧက | ၁-၂ဧက | ၁ဧကနှင့်၁ဧက အောက် | ၁ဧကအောက် |
| အိမ်အခြေအနေ | ခြေတံရှည်၊၄၀×၁၅ ×၁၈၊ ပျဉ်ထောင်၊ ပျဉ် ခင်း၊ အုတ်ကြွပ်မိုး။ သစ်သား အခန်းကန့် | ခြေတံရှည် ၄၀×၁၅ ×၁၈၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊အုတ်ကြွပ်မိုး၊သစ်သားကန့် | ခြေတံရှည် ဝါးကာ၊ ပျဉ်ခင်း၊အုတ်ကြွပ်မိုး။ ဝါးအခန်းကန့် | ခြေတံရှည်အိမ်သေး၊ဝါးကာ၊ ဝါးခင်း၊သက်ကယ်မိုး |
| ယဉ်၊ကားပိုင်ဆိုင်မှု | သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ် | ဆိုင်ကယ် | ဆိုင်ကယ်(ညှံ့) | ဆိုင်ကယ်(ညှံ့) |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းထွန်စက် မြက်ဖြတ် စက်၊ စပါး ကြိတ်စက်၊ အရက်ချက်ပေါင်းအိုး | လက်တွန်းထွန်စက် ၊မြက်ဖြတ်စက်၊စပါးကြိတ်စက်၊အရက်ချက်ပေါင်းအိုး | လက်တွန်းထွန်စက်၊ မြက်ဖြတ်စက်၊အ ရက်ချက်ပေါင်းအိုး၊ လွှ၊ရွှေဘော်၊တူ | တံစဉ့်၊ပေါက်ပြား၊ အရက်ချက်ပေါင်းအိုးအချို့ရှိ လွှ၊ရွှေဘော်၊တူ |
| မွေးမြူရေး | ကျွဲ၊နွား၊ဝက်၊ ကြက် ကောင်ရေများ | ကျွဲ၊နွား၊ဝက်၊ ကြက် | ကျွဲ၊နွား၊ဝက်၊ ကြက် | ဝက်၊ ကြက် |
| ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သော ပိုင်ဆိုင်မှု | ဆိုလာကြီး၊လက်သမားဆရာ၏ ၁ ကောင် ခွဲမီးစက်၁၊ | ဆိုလာကြီး၊ | ဆိုလာသေး | ရေနံဆီမီးခွက် |
| မိမိခံပစ္စည်း | စလောင်း၊အောက်စက်၊တီဗီကြီး၊အစါရိုးရာအဆင်တန်ဆာ (ငွေပြားခေတ်) | တီဗီ၊အစါရိုးရာအဆင်တန်ဆာ (ငွေ ပြားခေတ်) | တီဗီ၊အစါရိုးရာအဆင်တန်ဆာ (ဘော်ခေတ်) | အစါရိုးရာအဆင်တန်ဆာ(ဘော်ခေတ်) |
| အဓိကစီးပွားရေးလုပ်ငန်းနှင့်တစ်နှစ်ဝင်ငွေ | ဝမ်းစာ+၁၀သိန်းခွဲ | ဝမ်းစာ+၇သိန်းခွဲ | ဝမ်းစာ+၄သိန်း | ၂သိန်း၇သောင်း |
| ခန့်မှန်းအိမ်ထောင်စု | ၁၀ | ၁၂ | ၁၆ | ၂၀ |

**ရည်ညွှန်း-** ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သ တင်းအချက်အလက်များ (၁၁-၁၂ စက်တင်ဘာ ၂၀၁၅)

**လေ့လာတွေ့ရှိချက်။** ။ပေါ့ယုတ်ရွာ ဥစ္စာဓနအဆင့်ခွဲခြားခြင်းလေ့ကျင့်ခန်းအရ ပေါ်ထွက်လာသော အစု ၄ စုတွင် အစု၄စုလုံးမြေဧကပိုင်ဆိုင်ကြသဖြင့် ယင်းမှာ ဇယား ၂ပါ ကျပမ်း၅ အိမ်ပါပါဝင်သည့် သဘောဖြစ်ပါသည်။ လယ်ယာ၃-၄ဧကပိုင်ဆိုင်လျှင် လယ်သမားကြီးဖြစ်ပြီး လက်သမားလည်းဖြစ်၊ လယ်သမား လည်းဖြစ်သူတစ်ဦး၏ အိမ်တွင်သာ ဒီဇယ်အင်ဂျင်အငယ်စား တစ်စုရှိပါသည်။

## ၁၅။ ဝမ်းစာရှာလုပ်မှုဆောင်ရွက်မှုနှင့်လိုင်ကင်အခြေအနေ

### ၁၅.၁။ ဝမ်းစာရှာလုပ်မှု

**ဇယား(၆) ပျော်ဘွယ်ရွာ ဝမ်းစာရှာလုပ်မှုအခြေအနေ**

ဈေးငှားခြင်းမပြုဘဲ ထမင်းလုံမှန်/နပ်မှန်အောင်စားသောက်နိုင်သည့်မိသားစု ၄၀စု

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့်နည်းလမ်း |
|---|---|---|---|
| ၃၀လအောက် | ၆ | ၁၀.၃၄% | စပါးရုံပုံငွေမှချေး၍ |
| ၃၀လနှင့်၅၀လအထိ | ၁၂ | ၂၀.၆၈% | စပါးရုံပုံငွေမှချေး၍ |
| ၆၀လမှ၁၂၀လအထိ | ၄၀ | ၆၈.၉၆% | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁-၁၂ စက်တင်ဘာ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စု၅၈အိမ်အနက် ၄၀အိမ်ထောင်စုမှာ ထမင်းအနပ်ရေသုံး နပ်ပုံမှန်စားသုံးနိုင်ပြီး စပါးရုံပုံငွေမှပင်လျှင် ချေးငှားစားခြင်းနည်းပါးသည်ကိုတွေ့ရှိရပါသည်။ သို့သော်လိုအပ်သော သွင်းအားစုများကို စိုက်ပျိုးရေးနှင့်စပါးအရက်ချက် ခြင်းတွင်အသုံးပြုရန် အတွက်မူ ဘုံစပါးရန်ပုံငွေများနှင့် ကျိုင်းတုံမှန်းစပ်သော နေရာများ၌ ချေးယူကြပါသည်။

## ၁.၆။ လိုင်ကင်လွှယ်မှု

### ၁.၆.၁။ လိုင်ကင်လွှယ်သော လူပုဂ္ဂိုလ်အစု

**ဇယား (၇) ပျော်ဘွယ်ရွာ လိုင်ကင်လွှယ်သူများ**

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို (အသက်၆၀နှစ်နှင့်အထက်) | မိသားစုစောင့်ရှောက်မှုမရှိ | | | |
| မသန်စွမ်းသည့်ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ | အိမ်ထောင်စုအရေအတွက် | | |
| အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ဆင်းရဲ၍မိသားစုများ | ၂/၂ | | |
| မုဆိုးဖို/တစ်ခုလပ် | ဆင်းရဲ၍မိသားစုများ | | | |
| ဆင်းရဲသည့်အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွား ရောက်နေထိုင်လုပ်ကိုင်ရသူ | | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁-၁၂ စက်တင်ဘာ ၂၀၁၅)

### ၁.၆.၂။ ကျေးရွာလူထုဝန်၏လိုင်ကင်လွှယ်အခြေအနေ

**ဇယား( ၈) ပျော်ဘွယ်ရွာ လိုင်ကင်လွှယ်အခြေအနေ**

| စဉ် | လိုင်ကင်လွှယ်မှုအမျိုးအစား | နိမ့်၊လတ်၊ မြင့် | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | ရွာဝမ်းစာ စပါးလွက်နှုံးလုံလောက်သည့်အပြင် ရပေါင်းစပါးဘဏ်များရှိ၊ သို့သော် စပါးအရက် ချက်ခြင်းကိုတစ်ရွာလုံး လုပ်ကိုင်နေခြင်းကြောင့် ဈေးကွက်တောင်းဆိုမှု များလျှင်များသလောက် ထုတ်လုပ်သောအခါ ကောင်းမွန် စွာမစီမံနိုင်လျှင် စားနပ်ရိက္ခာဖူလုံမှုအစက်အခဲဖြစ်နိုင် ပါသည်။ထို့ကြောင့် စပါးဘဏ်များလူထောင်ခြင်းဖြစ်ပါ သည်။ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | နိမ့်၊လတ်၊မြင့် | မှတ်ချက် |
|---|---|---|---|
| ၂ | သဘာဝအရင်းအမြစ်ရှား ပါးမှု(မြေဖိုက်မျိုး၊ရေစ သည်) | နိမ့် | ရွာပိုင်မြေဧရိယာအကျယ်၊ ကျွန်းတောင်ယာများ အနည်း ငယ်သာရှိ၍ နှင့်ရေရှားပါးမှုရှိ |
| ၃ | ရေကြီးခြင်း၊ | နိမ့် | မကြုံဖူးသေး၊ |
| ၄ | မိုးခေါင်ခြင်း၊ | နိမ့် | မိုးဦးနှောက်ကျခြင်းသာ ကြုံဖူး၊ |
| ၅ | မုန်တိုင်း၊ | နိမ့် | မကြုံဖူး၊ |
| ၆ | လျှော် | နိမ့် | ကာချိလိတ် ကာလလျှော်ကြားဖူးသော်လည်း၊ မကြုံဖူး၊ |
| ၇ | မီးဘေး၊ | နိမ့် | မဖြစ်ပွားဖူး၊ |
| ၈ | ထားငံရေဝင်မြေ | | |
| ၉ | မြေပြိုခြင်း၊မြေဆီလွှာပျက် ခြင်း၊ | လတ် | ရွာချင်းဆက် အနီးအနားလမ်းများတွင် မြေပြို မှုများမိုးရာသီမိုးများချိန်တွင်ဖြစ်ပွားသဖြင့်လမ်းပန်း ဆက်သွယ် ရေးအ ခက်အခဲကြုံတွေ့ |
| ၁၀ | သစ်တောပြုန်းတီးခြင်း၊ | လတ် | စပါးအရက်ချက်ရန်သစ်များခုတ်ခြင်း၊အခြားရွာမှ လာခုတ် |
| ၁၁ | ငှက်ဖျားရောဂါ | နိမ့် | |
| ၁၂ | တီဘီရောဂါ | လတ် | ဖြစ်ပွားမှုရှိပြီးဆေး သောက်ပြီး လူနာနှင့်သူ၏ မိသားစု |
| ၁၃ | ကိုယ်ခံအားကျဆင်းမှုရော ဂါ | နိမ့် | ဖြစ်ပွားမှုရှိသည်ဟု မတွေ့ ရသေး၊ |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွာရွေ့ ပြောင်းရသူများ (IDP) | နိမ့် | ပဋိပက္ခဖြစ်ပွားမှုမရှိ |
| ၁၅ | လူကုန်ကူးခံရခြင်း | နိမ့် | |
| ၁၆ | ဝေးလံသီခေါင်၊ လမ်းပန်း စက်ခဲ | လတ် | အစါးဒေါ၊ဟွေယုတ် ၁၊ဟွေ ယုတ်၂။ နောင်လျှန်ရွာ များမြေ သားလမ်းကျယ်ညှိခြင်းပြုလုပ်ပြီး၊ ချောင်း ကူးတံတားများ နှင့်မြေပြိုမှုများရှိ။ |
| ၁၇ | အခြား | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သ တင်းအချက်အလက်များ (၁၁-၁၂ စက်တင်ဘာ ၂၀၁၅)

## ၁.၆.၃။ မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း။

**ဇယား (၉) ဟွေယုတ်ရွာ ထိခိုက်လွယ်သူများနှင့်ထိခိုက်လွယ်အခြေအနေ**

| စဉ် | အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | မြေယာနည်းပါးသူမိသားစုများမှကလေးများ ကျောင်း၊ ထားရန်မတတ်နိုင်၍ အလယ်တန်းနှင့် အထက်တန်း ကျောင်းသို့မပို့နိုင်။စပါးအရက်ကို အိမ်တိုင်းချက်ပြီးရောင်းသည့်အပြင်ကိုယ်တိုင် သောက်သုံးကြသည့် ထုံးစံရှိသည့်အတွက်လူငယ် များအဖို့အရက်သောက်ခြင်းကို ပုံမှန်အဖြစ်ယူဆ ကြပါသည်။ |

| စဉ် | အမျိုးအစား | ထိနိက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂ | အမျိုးသမီးဦးဆောင်ဆင်းရဲ အိမ်ထောင်စု | လတ် | မြေယာမရှိသည့်အပြင်အလုပ်အကိုင်ပုံမှန်မရနိုင်။ အိမ် တိုင်းဂက်မွေးသော်လည်း မွေးမြူရေး နှင့်ပါတ်သက် သည့်ဗဟုသုတနည်းပါးသည့် အပြင်ဂန်ဆောင်မှုများ နှင့်အလှမ်းဝေး။ |
| ၃ | မြေယာမဲ့ဆင်းရဲသားတောင်သူ | လတ် | စားနပ်ရိက္ခာဖူလုံမှုအတွက် ရွာဘုံစပါးအလေ့ အထ ကောင်းမြင့်ပူးပေါင်းဖြေရှင်းထား သော်လည်း မြေယာမဲ့ ဆင်းရဲသားတောင်သူများ အနေဖြင့်အရေးပေါ်အခြေအ နေတွင်ဖြေရှင်းနိုင် စွမ်းနည်း ပါး။ |
| ၄ | သဘာဝဘေးဒဏ်လိုးရွားစွာကျ ရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသ | | |
| ၅ | မြစ်ကမ်းဘေးနေလူထု | | |
| ၆ | မတော်တဆဖြစ်နိုင်ခြေ များသောနေရာ(prone to accident) | | |
| ၇ | (IDP) ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ ပြောင်းခံရသူများ | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | | |
| ၉ | ငါးကန်ပိုင်ရှင် | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | ကျပမ်း ၅ ဦးသာရှိပြီး ရွာမှုစုပေါင်းလုပ်ကိုင်သည့် အ လေ့ ကြောင့် စားနပ်ရိက္ခာဖူလုံသော်လည်း အရေး ပေါ် အခြေအနေတွင်ဖြေရှင်းနိုင်စွမ်းနိမ့်။ |
| ၁၁ | လူနည်းစုလူမျိုးများ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာ | | |
| ၁၃ | နယ်စပ်ဒေသ | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | | |
| ၁၅ | ဆေးစွဲသူများ(မူးယစ်သောက် စားမှုများ) | လတ် | စပါးအရက်အိမ်တိုင်းချက်၍ အရက်ပုံမှန်သောက်သုံး သူများပြီးအရက်စွဲနိုင်ခြေမြင့်မား |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | ပုံမှန်မြို့နှင့်ဆက်သွယ်သွားလာနေသူများရှိသော် လည်း အန္တရာယ်ဖြစ်နိုင်သည့်အပြုအမူနည်းပါး။ ရင်းလူငယ် အများစုမှာလည်း ပညာတတ်မြောက်သူ များသည်။ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | လက်သမားအရေအတွက်အနည်းငယ်ရှိပြီး ပါတ်ဂန်း ကျင်ရွာများသို့သာ လယ်နားချိန်များတွင် သွား ရောက် လုပ်ကိုင်လေ့ရှိသည်။ ညအိပ်ညနေနှင့် နစ်ရှည်ကြာသွား လေ့မရှိ။ |

| စဉ် | အမျိုးအစား | တိုက်ရိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၈ | လှည့်လည်သွားလာဈေးရောင်းသူများ | | |
| ၁၉ | ကားသမား | | |
| ၂၀ | အခြား | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သ တင်းအချက်အလက်များ (၁၁-၂၀ စက်တင်ဘာ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ဟွေယုတ်ရွာ၏ ထိခိုက်နစ်နာလွယ်မှုကို ဆန်းစစ်ကြည့်လျှင် အဓိကအားဖြင့် လမ်းပန်းဆက်သွယ်ရေး ခေါ်လဲခြင်းဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးခေါ်လဲခြင်းနှင့်အတူ တောင်ကုန်းမြင့်များအကြား ချောင်းများခြင်းနှင့် မိုးရာသီမြေပြိုလမ်းချော်လမ်းပိတ်ခြင်းစသည်တို့ကို ကြုံတွေ့ရပါသည်။ ဘာသာစကားကွာခြားချက်ကြောင့် ဝန်ဆောင်မှုပေးသော မြို့နယ်အစိုးရဌာနများဖြင့်ချိတ် ဆက်ရာတွင် တုံ့နှေးမှုများဖြစ်ပေါ်စေပါသည်။ ရွာအတွင်းမြန်မာစကားပြောဆိုနိုင်သူအနည်းငယ်သာ ရှိ ပါသည်။

## ၂။ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

### ၂.၁။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

#### ၂.၁.၁။ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ဟွေယုတ်ရွာ ကျေးရွာအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ က | မ | ပေါင်း | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅/၆) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၁ | မြစ်မိးရောင် ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ | ၁ | ၂ | ၁ | ၃ | မြစ်မိးရောင်ဈေးငွေကိုကျေးလက်ဦးစီးဌာန ဖြင့်တွဲဖက်ပြီး စီမံခန့်ခွဲ | ၅ | ၆ |
| ၂ | ကျောင်းကော်မတီ | ၂ | ၃ | | ၃ | နောင်လျှန် ကျောင်းကော် မတီ၏ အစိတ်အပိုင်းဖြစ်ပြီးကျောင်းပရိဘောဂနှင့်အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေး။ (စာသင်ဆောင်၊ ခုံနှင့်လိုအပ်ချက်များကိုကျောင်းနှင့်တွဲဖက် ဖြည့်ဆည်းထား) | ၄ | ၆ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅/၆) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | က | မ | ပေါင်း | | | |
| ၃ | ဟွေယုတ် စပါးဘဏ်အဖွဲ့ | ၁/၂ | ၁၂၈ | ၁၀၇ | ၂၃၅ | ဘုံပိုင်စပါးရံပုံငွေတွင် ပါဝင်လုပ်ဆောင်၊ ရွာ နတ်စင်နှင့်ရေပိုက်သွယ်ခြင်းအပြင် ကျေး ရွာဝတ်ပြုစန်းမကို တည်ဆောက်။ | ၄ | ၆ |
| ၄ | ပုဂ္ဂလိကစပါးဘဏ် အဖွဲ့ | ၁ | ၉ | | ၉ | မူလကမွေးမြူရေးချေး ငွေရရှိရန် ဦးတည်ဆောင်ရွက်ခဲ့ရာ ယခု အခါ ဘုံပိုင်နွား၁၈ ကောင်၊ စပါး၁၀၈တင်းနှင့်လည်ပါတ်ငွေ ၅ သိန်းကို အဖွဲ့ဝင်ဖြစ် လျှင် အတိုးနှုံး၃ကျပ် အခြားသူဖြစ် လျှင် ၄ ကျပ်ဖြင့် လည်ပါတ်။ ၂၀၀၁တွင်စတင်။ | ၄ | ၆ |
| ၅ | ဆွေးမျိုးစုစပါးဘဏ်အဖွဲ့။ | ၁/၂ | ၁၄ | | ၁၄ | ၁၄အိမ်ထောင်စုကို ကိုယ်စား ပြုပြီးငွေချေး၊ စပါးချေးခြင်းကို အချင်းချင်း၊ရွာသား များနှင့် အခြား ရွာများ ထိအောင်ချေး ပေးနိုင်။ ပညာရေး ထောက်ပံ့ပေး။ ၂၀၀၇ တွင်စ။ အတိုးနှုံး အချင်း ချင်း ၃ကျပ်၊ အပြင် | ၄ | ၆ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅/၆) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျ | မ | ပေါင်း | | | |
| | | | | | | ၄ကျပ်။ စပါးဆယ်တင်းလျှင် ၄ တင်း တိုး။ | | |

ရည်ညွှန်း၊- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁-၂၀ စက်တင်ဘာ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ဟွေယုတ်ရွာ၏ ထူးခြားချက်မှာ စပါးဘဏ်အဖွဲ့များ အောင်မြင်စွာထထောင်ထားခြင်းဖြစ်ပါသည်။ မူလထူထောင်သော စပါးဘဏ်မှာ လူမှုရေးရည်ရွယ်ချက် အတွက်ဖြစ်သော်လည်း ဆက်လက်တည်ထောင်သော ပုဂ္ဂလိကစပါးဘဏ်အဖွဲ့ နှင့် ဆွေမျိုးစုစပါးဘဏ်များမှာ စီးပွားရေးပို၍ရယ်ပြီး လူမှုရေးရည်ရွယ်ချက် အနည်းငယ်သာပါရှိပါသည်။ အခြေခံအားဖြင့် စပါးဘဏ်အတွင်းသို့ မိမိ တတ်နိုင်သမျှ အစုကို နှစ်စဉ်လာရောက်ထည့်သွင်းရပြီး လိုအပ်သောအချိန်များတွင် စပါးဘဏ်စီမံကွပ် ကဲသူများက ပြန်လည်ထုတ်ပေးသည့် စနစ်အဖြစ်ပါသည်။ သို့သော် လယ်ပမာဏနှင့် စပါးထွက်နှုန်း ပေါ်မူတည်ပြီး ဘုံစပါးဘဏ်သို့ အချိုးကျထည့်ဝင်ရပါသည်။ ပုဂ္ဂလိကစပါးဘဏ်အဖွဲ့မှာ မွေးမြူရေးရေး ငွေထုထောင်နိုင်ရန်ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အကျိုးတူအဖွဲ့များ၏ အကျိုးစီးပွားနှင့်လူမှုရေး ထောက်ကူမှုများရှိပါသည်။ ဆွေမျိုးစုစပါးဘဏ်မှာမူ ဆွေမျိုးနီးစပ်တော်သူတစ်စုကကိုယ်ပိုင်စီးပွားနှင့် လူမှုရေးအထောက်အကူများရရှိ ရန် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်ပါသည်။ စပါးဘဏ်အဖွဲ့များမှလွဲလျှင် အခြားလူမှုရေးအဖွဲ့အစည်းဟူ၍ ကျောင်းကော်မတီတစ်စုသာဖော်ပြခြင်း သည်လည်းထူးခြားချက်ဖြစ်ပါသည်။ ယင်းကျောင်းကော်မတီမှာ နောင်လျှန်ရွာမှ လတန်းကျောင်း၏ အစိတ်အပိုင်းအဖြစ်သာ ပါဝင်ခြင်းဖြစ်သော်လည်း တက်ကြွစွာပါဝင်လုပ်ဆောင်လေ့ရှိပါသည်။ ထို့ပြင်အခြားသော ဘာသာရေး၊ လူမှုရေးအခြေပြုအဖွဲ့များ၊ဥပမာ-လူငယ်များဦးဆောင်ရသည့် တစေပွဲအဖွဲ့၊ ရှိသော်လည်း ပုံမှန် လည်ပါတ်လုပ်ကိုင်နေခြင်း မျိုးမဟုတ်သည့်အတွက် ရပ်ရွာအခြေပြုအဖွဲ့အစည်းများတွင် ထည့်သွင်းဖော် ပြခြင်းမရှိပါချေ။ လိုအပ်ပါက အားလုံးစုပေါင်းလုပ်ကိုင်သည့်ဓလေ့ဖြစ်ပါသည်။

**၂.၁.၂။ ဖွံ့ဖြိုးရေးအထောက်အပံ့အတွက် ပြင်ပအဖွဲ့အစည်းများ၏အခြေအနေ**

**ဇယား (၁၁) ဟွေယုတ်ရွာ ဖွံ့ဖြိုးရေးအထောက်အပံ့အတွက် ပြင်ပအဖွဲ့အစည်းများရိုတ်ဆက်မှု**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇/) | လုပ်ငန်းတာဝန်နှင့်အစီအစဉ် |
|---|---|---|---|
| ၁ | ဝေါလ်ဗီရှင်းမြန်မာ | ၂ | ၂၀၀၈ စိမ့်စမ်းရေသွယ်ရန် ပီဗီစီ ပိုက်အလုံ ပေါင်း ၅၆၀ ထောက်ပံ့ပေးထား။ ယခုစီမံချက်လုပ်ငန်းမျာ းမရှိတော့ |

ရည်ညွှန်း:- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁-၁၂ စက်တင်ဘာ၂၀၁၅)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပါတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း



CamScanner

(၄) ဘဏ်နှံ့ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂ၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကမ္ဘာ့အလိုက်ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ-UK Aid, GIZ စသည်)
(၆) ပရဟိတအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**၂.၂။ စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ**

**၂.၂.၁။ စိုက်ပျိုးရေးသီးနှံ**

**၂.၂.၁.၁။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု**

**ဇယား (၁၂) ဟွေယုတ်ရွာ စိုက်ပျိုးမြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ**

